သီလအကျင့်။ ညီမျှတင့်။ ဆင့်ဆင့်ယောဂီ။
မနောဆီဖြင့်။ ဝသီဖျန်းဆွတ်လျှ[illegible]။ ဘေးလွတ်
ရာရပ်မှန်ကို[illegible]ည်သန့်ရှာမြိုးလေ့ရှိတော်
မှူသောသီလဝတ္တအစစ်။ညွှန့်သစ်ရိုရို။
ပိနည်းရိုရ်အခုတ်ဖိုဆရာတော်
ကြီးဘုရားသည်။များပြားတွက်စစ်။ချွန့်စ်
သင်္ချာ။ ဝါဆို ဝါကပ်။ လထပ်
ရက်ငင်။တိမ်ခွင်အဇဋ္ဌာ။
အာကာမိုးစင်းရပ်။လနေကြပ်
တို့နှင့်တကွ။ဝါဒရှုပ်ပွါး။လူအပေါင်း
တို့ယုံမှားကို။ပယ်ရှားပျောက်လွင့်စေခြင်းငှါ။
သာသနာတော်ကျမ်း။ လောကီကျမ်းအရပ်ရပ်တို့
ဖြင့်ပျောက်ပတ်စွာ စီရင်ရေးသားတော် မူသော။

# သသက်ကပ္ပဋ္ဌာစာတန်း။



ရန်ကုန်မြို့။ ဟံသာဝတီသတင်းစာတိုက်။
၁၈၉၉ ခုနှစ်။

pdf creator - Wanna Soe

# သသက်ကပ္ပဋ္ဌာတန်း။

အဓိမာသာကာရဋ္ဌေဝ။ အဝဿုပေတမဏ္ဍယံ။ အာကာဆိမာဟတွံ့တမ္ဗာရေ တေစ်ခ္ဂဏ္ဍာဒိံကတွာ။ သံနိသင်္ဂတာန် ဓာနေသသာနုဂြဿံဝဿဘေ္ဘဒံ။ ။ပ။ဒု။ဂ လုံးဗွံ့။ပဏ္ဍာဝဏ္ဍပိပုလာဏ္ဌါဝဂ်။ တ။စ။ ၁၅ လုံးဗွံ့။ ကာမကြိဋ္ဌာဏ္ဌါ။ ဋ္ဌိကာ၌လိလခေလဏ္ဌါလည်းဟူ၏။ ၄ ပါဒဥပဓာတိဏ္ဌါမျိုး။ ။အပံ။ငါသည်။ အဓိမာသာကာရဋ္ဌေဝ။စမ္ဗာဓိမာသ်အစရှိကုန်သော အဓိမာသ်ချနစ်ပါးတို့၏အခြင်းအရာဖြစ်ပုံကိုင်း။ အဝဿုပေတမဏ္ဍယံ။ဝါဆိုနေ့မဟုပ်။နွေဥတု၌ဝါကပ်ကုန်သောရဟန်းတို့၏။ အဖြစ်ဒေါသကိုင်း။တမ္ဗာရေ။ထိုအဓိမာသ်ကျရာနှစ်၌။ အာကာဆိမာဟတွံ့။လရက်ငင်အပ်သည်၏ အဖြစ်ကိုင်း။ ဝဿဘေ္ဘဒ်။ ဝါအပြားပဝါရံဏာ အပြားကိုင်း။ တေစ် ခ္ဂဏ္ဍဒိံ ကတွာ။ တေစ် ချဟု ခေါ်ဝေါ်အပ်သော သဒ္ဒါ၏အနက်ကို အစပြု၍။ နိသင်္ဂတာနံ။ တပည့်တို့အား။ဝါ။တပည့်တို့ကို။ သံ။သံခေပေန။ အကျဉ်းအားဖြင့်။ အနုဂြဿံ။ ဗေဒဇ်ကျမ်း သာသနာဝင်ကျမ်းတို့အား လျော်စွာ။ ဓာနေသံ။မြဲမြန်ခိုင်ခန့်။သိစေအံ့။ ။ဤကားယောဇနာ။ ။ဤဏ္ဌါတွင် မဏ္ဍယံပုဒ်၌မခြာကား။ ပဒသန္ဓိကာရ အာဂံအဏ္ဍယံဟု ပုဒ်ဖြတ်။ ။တေစ်ခ္ဂဏ္ဍဟူရာ၌။တေစ်ချအဏ္ဍဟုပုဒ်ဖြတ်။ တေစ်ချဟူရာ၌။တေစ်ကားဧကပုဒ်နေ့။ ဗျာကရုဏ်းန္ဂြံးအားဖြင့်ဧကိုတပြု။ကကိုစပြု။တံခွန်ပြုတစ်ဖြစ်စေ။တနည်းကား။တေစ်ဟူရာ၌။တဧကပုဒ်နေ့။ တကားသဗ္ဗနာမ်ပုဒ်။ ဧက၌ကကိုစပြုတံခွန်ပြု။တကိုဧသို့ကပ်တေစ်ဖြစ်စေ။ ခေတ္တပုဒ်၌တ-တလုံးကိုခြေ။ တလုံးကိုတံခွန်ပြု၍။ ခေတ်ဟုဖတ်သကဲ့သို့မှတ်။ ပထမပိကာပ်၌။ဧသရမပါဘဲတ၌စတံခွန်ပြု၍တစ်ဟုဖတ်။ ဒုတိယပိကပ်ကိုဧသောရနှင့်ဖတ်။ထိုနှစ်ပါးတို့တွင်လိုရာရေး။ ။ချကိုချသဒ္ဒေဟုသဒ္ဒနိ

တိခါတုမာလာ။ လာသည့်နှင့်အညီ။သဒ္ဒါဝါစကကြိယာခါတ်ပုဒ်
ဟုမှတ်။ ။သက္ကရာဇ်အခါဂတ္တာဇနာနာရေဏ္ဏုဒါနိသူရိယစန္ဒဂတိ
ပဋိပ္ဖဒ္ဒါဒသမာသံ ဟုတွာသံဝစ္ဆရံဇာတန္တိ ယံခဝတိကထေတိ
တိခု-ဟုအဝုတ္တကမ္မသာခနေပြု။ ။နိဿာယနံဝသတိတိနိဿ
ယောပဟူသောအဝုတ္တကမ္မသာခနေကဲ့သို့မှတ်။ ။သက္ကရာဇာ။သ
ကြားနတ်မင်းသည်။အာဂတ္ဘာ။လူ့ဘုံသို့လာ၍။ဇနာနံ။လူတို့အား။
အရေ။အချင်းတို့။ဏ္ဏုဒါနိ။ ယ္ဘုအခါ၌။သူရိယစန္ဒဂတိံ။ နေလတို့၏
သွားခြင်းကို။ပဋိစ္ဖ။စွဲ၍။ဒ္ဒါဒသမာသံ။ တဆဲ့နှစ်လသည်။ဟုတွာ။
ဖြစ်၍။သံဝစ္ဆရံ။နှစ်သည်။ဇါတံ။ဖြစ်ပြီ။ဣတိ။ဤသို့။ယံ။အကြောင်းနှစ်
ကို။ခဝတိကထေတိ။ပြောကြား၏။ဣတိတသ္မာ။ ထိုသို့သကြား
နတ်မင်းပြောကြားအပ်သည်၏အဖြစ်ကြောင့်။တံ။ ထိုနှစ်သည်။
ခု။ခုမည့်၏။ ။ဤကားယောဇနာ။ ။တေစ်နှစ်ပိကပ်တို့တွင်။
ပထမပိကပ်၌တစ်ပုဒ်ကိုခုပုဒ်နှင့်။ တစ်ဧကဒေသေနခုတစ်ခုဟူ
၍တတိယာတပ္ပုရိသ်သမာသ်တွဲအပ်၏။ ။တစ်ဧကဒေသေန။
တစိတ်အတို့အားဖြင့်။ခု။ ခေါ်ဝေါ်အပ်သောနှစ်တည်း။ တစ်ခု။
တစိတ်အတို့ အားဖြင့်။ ခေါ်ဝေါ် အပ်သောနှစ်။ ။ဤကား
ယောဇနာ။ ။ဤပိကပ်၌။ဧကသဒ္ဒါသည်။ ဧကဒေသဝါစက။
ဒုတိယပိကပ်၌။တေစ်ပုဒ်ကို။ တေသံဧကံပဒ္ဓမံ တေစ်ဟူ၍ဆဋ္ဌီ
တပ္ပုရိသ်သမာသ်တွဲပြီးမှ။ခုဟူသောပုဒ်နှင့်။တေစ်ဧကံပဒ္ဓမံခု
တေစ်ခုဟူ၍ပိသေသနပုဗ္ဗပဒကမ္မဓါရယသ်သမာသ်တွဲအပ်၏။ ။
တေသံ။ထိုနှစ်တို့၏။ဧကံပဒ္ဓမံ။ရှေးဦးတည်း။တေစ်။ထိုနှစ်တို့၏
ရှေးဦး။ ။ဤကားဆဋ္ဌီတပ္ပုရိသ်သမာသ်၏ယောဇနာ။ ။တေစ်
ဧကံပဒ္ဓမံ။ထိုနှစ်တို့၏ရှေးဦးစွါ။ခု။ခေါ်ဝေါ်အပ်သောနှစ်တည်း။
တေစ်ခု။ထိုနှစ်တို့၏ရှေးဦးစွာခေါ်ဝေါ်အပ်သောနှစ်။ ။ဤ
ကားရှေ့ကမ္မဓါရယ်သမာသ်၏ယောဇနာ။ ။ဤပိကပ်၌။ဧက
သဒ္ဒါကားပဒ္ဓမဝါစက။ ။ခဝဠ္ဓဗလဋ္ဌိကာကျမ်း၌။နေပေါ်
သည်မှစ၍။နာရီရက်လနှစ်တို့သည်ဖြစ်ကုန်၏။ ထိုသို့ဖြစ်သော
နှစ်ကို။ သက္ကရာဇာမည်သောသကြားနတ်မင်းသည် လူ့ဘုံသို့

လာ၍။ ကမ္ဘာဦးသူတို့အား။ ဤမျှသော နှစ်သင်္ချာ ရှိပြီဟုညွှန်ပြ
ပြောကြားလေ၏ ထိုသို့ပြ၍ရသောသင်္ချာဂဏန်းကိုပင်။ ရှေးဦး
စွာ ညွှန်ပြပြောကြားရင်း သကြားနတ်မင်းကိုစွဲ၍။ သက္ကရာဇ်
တစ်ခုတွင်၏ ဟူ၍ဆို၏။ ။ဤဆဋ္ဌဗလဋိကာကျမ်း၌ လာ
သောစကားကိုစွဲ၍။ယွှင်ဝစနတ္ထကိုဆိုအပ်သည်ဟုမှတ်။ ။
တနည်းကား။ ယွှင်ဆဋ္ဌဗလဋိကာကျမ်း၌ပင်။ နေမိမာန်သည်။
အဿဝဏီနက္ခတ်ပဋ္ဌမပါဒ်၌။အစမှု၍ နှစ်သစ်ကိုပြုသဖြင့်။ ရာ
သီဖြစ်သောနက္ခတ်သည်။လျှင်သောအဟုန်ဖြင့်။မြင့်မိုရ်တောင်
ကိုလှည့်လည်သည်ရှိသော်။နေမိမာန်သည်။ ရာသီနက္ခတ်စက်
ကိုမမှီနိုင်၍ပြဒ္ဒဂုဏ်းတရက်တရက်သော်။ ကြမ္မာတ် ၈၀၀ စီ
ကျန်ရစ်သဖြင့်။ရက်ပေါင်း ၃၆၅-၁၅နာရီ ၃ ပါဒ် ၁၉ဇနာ ၃
ပြန်အခြာပြည့်အခန့်ကာလခေတ်သို့ရောက်လတ်သော်။ အကန့်
အကွက်နှင့် ပြည့်စုံသော ဒွါဒသရာသီအဆုံး။ ရေဝတီနက္ခတ်
စတုတ္ထပါဒ်သို့ ရောက်သဖြင့်။ သူရဗ္ဗဂတိ၌ တစ်နှစ်ပြည့်၍။
သက္ကရာဇ်ကောဇာ၌။ တစ်ခုဟူသော သင်္ချာရ၏ဟူ၍လည်း
ဆို၏။ ။ဤစကားအစဉ်၌။ပြဒ္ဒဂုဏ်းဟူသောပုဒ်ကို။အဟားဂ
ဏားဟုပုဒ်နေဖြစ်စေ၍။ အဟာသဂဏံ အဟားဂဏားဟုဝစနတ္ထ
ပြု။ ။အံဟာသ။နာရီ ၆၀ ဖြင့်ရေတွက်အပ်သော ရက်၏။
ဂဏံ။ အပေါင်းတည်း။အဟားဂဏား။နာရီ ၆၀ ဖြင့်ရေတွက်အပ်
သောရက်အပေါင်း။ ။ဤကားယောဇနာ။ ။ဤအဟားဂဏားဟူ
သောပုဒ်၌။ ဟ၏ရှေ့အက္ခရာကိုချေ၍။ဟ၏နောက်ဝိသဇ္ဇနီကိုဗျာက
ရဏ်းနည်းအားဖြင့်။ရေးဖရပြု၍။ဟကိုရေးဖရသို့ကပ်၍။ ဂဏ
ပုဒ်၌ဂ၌အက္ခရာကိုဥပြု၍။ဏ၌အက္ခရာကိုချေ၍။ တံခွန်ပြပြီးလျှင်။ ပြဒ္ဒဂုဏ်း
ဟူ၍ဖတ်ရွတ်အပ်၏။ ။တနေ့နှင့်တညဉ့်ဖြစ်လျှင်။နာရီ၆၀
ပြည့်သဖြင့်။ရှစ်ဗိုဟ်ကာလာကို။ပြဒ္ဒဂုဏ်းရက်ဟုဗေဒင်ကျမ်းတို့
၌သရုတ်ခေါ်ဝေါ်သည်။ ။ကြမ္မာတ်ဟူရာ၌။ကမသဿာဝေါ
ကမ္မတ္တံဟုဘာဝတဒ္ဓိတ်ပြု။ ။ကမသ။ရက်လနှစ်အစဉ်၏။ဘာ
ဝေါ။အဖြစ်တည်း။ကမ္မတ္တံ။ရက်လနှစ်အစဉ်၏အဖြစ်။ ။ဤ

ကားယောဇ္ဈာ။ ။ဗျာကရဏ်းနည်းအားဖြင့်။ဤပုဒ္ဓကကြီး၏။
အသရကို။ရေးဖရပြု။ ကကိုရေးဖရသို့ကပ်၍။ မတ္တန္ဒတတလုံး
ကိုချေ။ တလုံးကိုတံခွန်ပြု၍။ ကြမ္ဘတ်ဟူ၍ဖတ်ရွတ်အပ်၏။ ထို
ကြမ္ဘတ်သည်တနေ့နှင့် တညဥ့်ရှိလျှင်။ နာရီ ၆၀ ပြည့်၍။ တစ်
ရက်ဖြစ်သည်။ ထိုတစ်ရက်တွက်နာရီ ၆၀ တည်။ ၄ပါဒ်ဖြင့်
မြှောံ။ ၂၄၀ ဖြစ်၏ ထို ၂၄၀ ကို ၁၅ ဗိဇနာမြှောံ။ ၃၆၀၀
ဖြစ်၏။ထို ၃၆၀၀ ကို ၆ပြန်ဖြင့်မြှောံ။ ၂၁၆၀၀ ပြန်ပုံဖြစ်၏။
ထို ၂၁၆၀၀ ပြန်ပုံကို ၂၇ ခုစား။ လဒ်ကား ၈၀၀ ဖြစ်၏။ထို
လဒ် ၈၀၀ သည်နာရီ ၆၀ ဖြင့်ရေတွက်အပ်သော ပြဂုဏ်း
ရက်နှင့်တူ၏။ထိုကြောင့်ပြဂုဏ်းဆိုသည်နှင့်။ ကြမ္ဘတ်ဆိုသည်
မှာ။ အမည်သာကွဲသည်။ အရအတူတူပင်ဟုမှတ်။ ။ထို
သူရဇ္ဇဂတိ၌။ တေစ်နှစ်ပြည့်၏ ဟူသောစကားကိုမှီ၍။ ခုဟူ
သောပုဒ်ကို။ တိထိနာဍိကာဒိ ခုယတေပရိဿိနို ယတောဇတေ
နာတိခု။ဟူ၍ကရဏာသာဂ်ပြုအပ်၏။ ။ဇတေန။ ထိုနှစ်ဖြင့်။တိ
ထိ နာဍိကာဒိ။ ရက်နာရီစသည်ကို။ ခုယတေပရိဿိနိယတေ။
ပိုင်းခြားအပ်၏။ ဇာတိတသ္မာ။ ထိုသို့ပိုင်းခြား အပ်ကြောင်း၏အ
ဖြစ်ကြောင့်။တံ။ထိုနှစ်သည်။ခု။ခုမည်၏။ ။ဤကားယောဇ္ဈာ။ ။
ဤခုဓါတ်ကို။ သဒ္ဒပယောဂါဟိအနေကတ္ထာဟူသော ပရိဘာ
သာနှင့်အညီ။ခေဒနကြိယာဝါစီ။ဟုမှတ်။ ။ဟိ။ မှန်၏။သဒ္ဒ
ပယောဂါ။သဒ္ဒါဓါတ်ပုဒ်တို့သည်။အနေကတ္ထာ။ များသောအနက်ရှိ
ကုန်၏။ ။ဤကားဒုဋ္ဌိပါဌ်၏ယောဇ္ဈာ။ ။တေစ်ဟူသောပုဒ်
ကို။ခုဟူသောပုဒ်နှင့်။ တစ်သဟာဇကေတောဇေ၀ခုတစ်ခု။ တေစ်
ဇေ၀ါခုတေစ်ခုဟူ၍။အ၀ဓါရဏာကမ္ဘဓါရာယ်သမာသ်နှစ်ချက်
တွဲ။ ။တစ်သဟာဇကေတောဇေ။ လနှင့်တပေါင်းတည်းသော
လျှင်။ ခု။တိထိစသည်ကိုပိုင်းခြားကြောင်းဖြစ်သောနှစ်တည်း။
တစ်ခု။လနှင့်တပေါင်းတည်းသောလျှင်တိထိစသည်ကိုပိုင်းခြား
ကြောင်းဖြစ်သောနှစ်။ဝါ။တနည်းကား။တေစ်ဇေ။ထိုနှစ်တို့၏ရှေး
သါလျှင်ဖြစ်သော။ခု။တိထိနာရီစသည်ကိုပိုင်းခြားကြောင်းဖြစ်

သောနှစ်တည်း။တေစ်ချ။ထိုနှစ်တို့၏ရှေးသာလျှင်ဖြစ်သော တိ
ထိနာရိစသည်ကိုပိုင်းခြားကြောင်းဖြစ်သောနှစ်။ ။ဤကား
ယောဇ္ဈာ။ ။ဤနှစ်ပိကပ်တို့တွင်၊ပထမပိကပ်၌။ကောသဒါကား
သဟာဏ္ဍဝါစက။ ဒုတိယပိကပ်၌။ ကောသဒ္ဒါကား။ ပဉ္စမဏ္ဍဝါ
စက။ဤနှစ်ပိကပ်တို့၏။အဓိပ္ပါယ်စကားကျကား။ ညေမာပက။
စပါးခြင်သောနည်းအားဖြင့်။ တစ်ဆဲ့နှစ်ရာသီတဆဲ့နှစ်လပြည့်
မှ။တေစ်ချဟူ၍ ခေါ်သည်။ မပြည့်ဘဲ ပြည့်ဆဲ ပြည့်လတ္တံ့ကို
လည်းမခေါ်။နှစ်ချသုံးချစသည်ခေါ်ရာတို့၌လည်း။ ဤနည်းကိုမှီး
၍သိ။ ချဟူသောအမည်သည်။ ဤအရာတို့၌။ နှစ်၏အမည်သာ။
ရက်လတို့၏အမည်မဟုတ်။ဘုရားဘိုးတော်အဋ္ဌနမင်းကြီးသက္က
ရာဇ်ပြုရာ၌လည်း။ ၁၁၄၇ ခုဂဏန်းသင်္ချာကို။ဏဝစန္တ။ ၁၁၄၅
ချပြုကိန်းဖြင့်ပြု၍။ သက္ကရာဇ်တို့အစွန်းနှစ်ချလွန်ပြီးသော နှစ်ကို
သာ။နှစ်ချဟုခေါ်ဝေါ်မှတ်သားစေခြင်းငှာထားလေသည်။ဤသို့
အစရှိသောနည်းဖြင့်။ လွန်ပြီးသောနှစ်ကိုသာ ချဟူ၍ ခေါ်ဝေါ်
ခြင်းသည်။ဗေဒင်ကျမ်းသာသနာဝင်ကျမ်းတို့၌လာ၏။ပစ္စုပ္ပန်အ
နာဂါတ်မပြည့်သေးသောနှစ်ကိုချဟူ၍မခေါ်။ဤကားအဓိပ္ပါယ်
စကားကျ။ . ။ယခုကာလဟူးရားဗေဒင်ဆရာတို့ကား။တေစ်ချ
ဟူ၍ဆိုလျှင်။ လာလတ္တံ့သောသင်္ကြန်ပြောင်း သက္ကရာဇ်တက်
မှ။ပြည့်သည်ဟုပြောဆိုမှတ်သားကြကုန်၏။ နှစ်ချသုံးချစသည်
ခေါ်ဝေါ်ရာတို့၌လည်း။ ရှေးနည်းအတူစွဲယူမှတ်မှားကြကုန်၏။
ထိုဟူးရား ဗေဒင်ဆရာတို့နည်းကိုမှီး၍။တိုင်းပြည်အလုံး ရှင်လူ
အပေါင်းတို့သည်လည်း။ ရှေးနည်းမှတ်ယူ စွဲလမ်းကြ ကုန်၏။
မှားခြင်းကြီး မှားလေသည်။ မှားပုံယုံကြည်ဘွယ် ဥဒါဟြုဏ်
ကား။ယခုရေဝ်ဝင်လာသော။ ၂ ချနှစ်ကို။၆၁ ချဟုမိမိတို့အမှတ်
အသားများရှင်းသည့်အတိုင်း။ မှတ်သားစွဲယူကုန်၍။ ယခုရေဝ်
သောနှစ်၌။ဝါကြီးထပ်လိုကုန်သောပုဂ္ဂိုလ်တို့ကလည်း။ဝါကြီး
ထပ်ကြကုန်၏။ ဝါငယ်ထပ်လိုကုန်သော ပုဂ္ဂိုလ်တို့ကလည်း။
ဝါငယ်ထပ်ကြကုန်၏။ဤနှစ်သို့ရေဝ်မှဝါထပ်ကြခြင်းသည် အ

များကြီးတစ်ချက်။ ၂ ခုကို ၁ ခုပြု၍။ ဝါထပ်ခြင်းသည်။ ဝါသာ ထပ်သည်မဟုတ်။နှစ်လည်းတစ်ခုနှစ်သို့ နှစ်ခုနှစ်ထပ်သည်ပင် ဖြစ်၏။ ဤသို့ဝါလနှစ်။နှစ်ပါးထပ်ခြင်းသည်လည်း။ အများကြီး တစ်ချက်။ အကြောင်းမှာ။ ဤရေ့ံသောနှစ်ခုနှစ် သက္ကရာဇ်ကို တည်၍ ၁၉ ခုစားသောနည်းဖြင့်စား၍လည်း ၈ ခုကြွင်းကိုမြင် သဖြင့်။အဓိမာသ်ခုနှစ်ပါးတို့တွင်။ ပဌ္ဌာဓိမာသ်ကြွမ်သောနှစ် ဟုသိအပ်၏။ ထိုပဌ္ဌာဓိမာသ်သည်။ ယာစာဓိမာသ် အပဏ္ဏာ ဓိမာသ်မည်သည်ဖြစ်၍။ ဤနှစ်သို့မရေ့ံမှီ။ ရှေး ၆၁ ခုနှစ်က ပင်။ ဝါကြီးထပ်သင့်လျက်။ မထပ်ခဲ့ခြင်းကြောင့်။ ယာစာ ဓိ မာသ် အပဏ္ဏာ ဓိမာသ် လက္ခဏာနှင့်မညီ လေသည်။ ထို့ ကြောင့်ငိုးဝါငယ်ထပ်ကြသော ပုဂ္ဂိုလ်တို့မှာ။ ရှေးနှစ်၌ ထပ် လျှင်လည်းအများ။ နောက်နှစ်၌ ထပ်လျှင်လည်း အများပင်။ ရှေး ၁ ခုနှစ်ကပင်။ ဝါကြီးထပ်ခဲ့ကြပါလျှင်။ ပူရိမဝါဆိုလပြည့်နေ့ ၌။ရာဟုလကိုဖမ်းခြင်းကိုမြင်ကြရမည် အမှန်ပင်။ ထိုသို့မထပ် ခဲ့ခြင်းကြောင့်။ပူရိမဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ။ ရာဟုလ ကိုဖမ်းသည်ကိုမြင်ကြရလေသည်။ဝါငယ်ထပ်ပုဂ္ဂိုလ်တို့၏အ ယူ၌။ လပြည့်ကျော် ၂ ရက်နေ့မှရာဟုလကိုဖမ်းသည်ဟုမှတ် ကြကုန်၏။ဤသို့ဖြစ်ရခြင်းသည်။ ရှေးတစ်ခုနှစ်ကဝါကြီးမထပ် ခဲ့။နှစ်ခုနှစ်မှထပ်ခြင်းကြောင့်။တိထိလျှံ၍လပြည့်ကျော် ၁ ရက် သောကြာနေ့မှ ရာဟုဖမ်းခြင်းကိုမြင်ကြရလေသည်။ ဝါငယ် ထပ်ပုဂ္ဂိုလ်တို့မှာ။ နှစ်ရက်သောကြာ့နေ့မှ။ ဖမ်းခြင်းကိုမြင်ကြ ရလေသည်။ထိုနှစ်ဦးတို့သည်။ ရက်နံချင်းကားတူကြ၏။ တိထိ အဝေးအကွာခြင်းကားမတူကြ။ကျမ်းဂန်တို့၌ကား။လပြည့်နေ့၌ သာရာဟုဖမ်းမြဲ။လပြည့်ကျော်၁ရက်၂ရက်နေ့၌ဖမ်းမြဲမဟုတ်ဟု လာ၏။ထို့ကြောင့်ငိုးဤနှစ်၌ဝါထပ်ကြခြင်းကို အများကြီးဟုဆို ခဲ့သည်။ သရေခွေးဟူသောဗေဒင်ကျမ်း၌ကား။ လပြည့်နေ့၌ငိုး။ လပြည့်ကျော် ၁ ရက်နေ့၌ငိုး။ရာဟုလကို ဖမ်းမြဲဟုလာ၏။ ဝါ ကြီးထပ်ပုဂ္ဂိုလ်တို့အယူမှာ။ ကျမ်းဂန်နှင့်ကားမညီ။ သရေခွေး

ကျမ်းနှင့်ကားညီ၏။ ဝါငယ်ထပ်ပုဂ္ဂိုလ်တို့အယူ၌။ ကျမ်းဂန်နှင့်လည်းမညီ။ သရေခွေး ကျမ်းနှင့်လည်း မညီ။ ကျမ်းဂန်တို့၌ လပြည့်နေ့မှလကိုရာဟုဖမ်း၏ဟုဆိုသည်ကား။ သတ္တနိပါတ်ဂန္ဓာရဇာတ်၌။ လွန်လေပြီးသောအခါ။ လူတို့အသက် သုံးသောင်းတမ်း၌။ ဘုရား အလောင်းတော်သည်။ ကာသိရတိုင်း ဂန္ဓာရတိုင်းနှစ်တိုင်းတို့ကိုအာဏာတခိုးအစိုးရသောမင်းဖြစ်၍။စီးစိမ်ချမ်းသာကို ခံစားလျက်နေ၏။ တရံသောအခါ။ ထိုမင်းသည်ပန္နရသီဥပုသ်နေ့၌။ ဆောက်တည်အပ်သော သီလရှိသည်ဖြစ်၍။ ပြာသာဒ်အပြင်၌ခင်းထားအပ်သော။ မြတ်သောရာဇပလ္လင်ထက်နေလျက်။ ဟင်းလင်းပွင့်သော ခြသေ့်ခံသောလေသွန်တံခါးဖြင့်။အရှေ့လောကဓါတ်ကိုကြည့်ရှုလျက်။ အမတ်တို့အားအကြောင်းအကျိုးနှင့်စပ်ယှဉ်သောစကားကိုပြောဟောလျက်နေစဉ်။ကောင်းကင်သို့တက်လာသောပြည့်သောလဝန်းကို ရာဟုဖမ်း၍။လရောင်မထင်သည်ဖြစ်၍။ရာဟုဖမ်းသောအဖြစ်ကိုမင်းအား။ မှူးမတ်အပေါင်းတို့က။ ဖွဲနားတော်ကြားလျှောက်ထားကြကုန်သည်ရှိသော်။ထိုလကိုတစိမ်းစိမ်းရှု၍။ ဤရာဟုသည်။လ၏အညစ်အကြေး။ ဘေးရန် ဖြစ်သဖြင့်။ လ၏အရောင်အဝါပြော် လေ သခဲ့သို့။ ငါ၌လည်း ဤနန်းသူ နန်းသား။ မှူးမတ် ပရိသတ်ခြွေရံတို့သည်။ရာဟုနှင့်အလားတူဖြစ်ကုန်၍။ ငါ၏အညစ်အကြေးဘေးရန်ဖြစ်ကုန်၏။ဤတိုင်းနိုင်ငံကို။ ဆိုဆုမ္ဘ၍နေသဖြင့်။အကျိုးမရှိပြီ။ ဟောမဝန္တာသို့ထွက်၍။ ကိုယ့်ကိုယ်ကိုသာဆုမ္ဘ၍နေသော်သာလျှင်။အကျိုးထူးရှိအံ့ဟုအောက်မေ့၍။ မှူးမတ်တို့အား။ ဤနိုင်ငံကို။အလိုရှိရာသူကိုအပ်နှင်း၍။ မင်းမြှော်ကြဟုဆိုပြီးလျှင်။တောထွက်တော်မူ၍။ရသေ့ရဟန်းပြု၍။ မျှားမကြာမှီ။ဈာန်သမာပတ်အဘိညာဉ်တို့ကိုရလေ၏။ ထိုအကြောင်းကို။အဒိမ္ဗသဟာရဖြစ်သောမဖြိုမတိုက်၌ ဝိဒေဟာတိုင်းမိထိလာပြည်ကြီးကို အစိုးရတော်မူသော။ ဝိဒေဟာရာဇ်မင်းသည်။ သတင်းစကား ကြားသိ တော်မူ၍။ ငါလည်း ငါ့ အဆွေတော်ကဲ့သို့

ပင်။တိုင်းပြည်နှင့်တကွ။ တသောင်းခြောက်ထောင်ကျန်သောက ချေသည်မိမ္မ။တသောင်းခြောက်ထောင်ကျန်သောရွှေငွေ ကျော် သံပတ္တမြားထည့်ထားအပ်ကျန်သေါကျီကြဘဏ္ဍာ။တသောင်း ခြောက်ထောင်ကျန်သေါအဝတ်ပုဆိုးထည့်ထားရာဖြစ်ကျန်သော ကျီကြဘဏ္ဍာ။တသောင်းခြောက်ထောင်ကျန်သော စပါးကျီတို့ ကို။စွန့်လွှတ်၍တောထွက်မှ သင့်မြတ်ခြေမည်ဟုကြံ အောက်မေ့ ၍။သားတော်သို့းတော်တို့ကိုမျှအာရုံမပြုမူ၍။ တောထွက်လေ ၏။တောသို့ရောက်သောအခါ ရသေ့ရဟန်းပြု၍။ ဂန္ဓာရရှင်ရ သေ့၏အနီးအပါး၌နေ၍။ နေ့အတိုင်း၌တွေ့မြင်ကျန်သော်လည်း အဆွေခင်ပွန်း၏အဖြစ်ကိုမသိကြကျန်။ဂန္ဓာရရှင်ရသေ့အားနေ့ တိုင်းမပြတ်ဆည်းကပ်ငြိုးမူလျက်နေ၏။ တရံရောအခါ။ရသေ့ နှစ်ပါးတို့သည်။ပန္နရသီလပြည့်နေ့၌။တခုသောသစ်ပင်ရင်း၌နေ ကျန်၍။အကြောင်းအကျိုးနှင့်စပ်ယှဉ်သောစကားကိုဟောပြော ၍နေကျန်စဉ်။ကောင်းကင်ပြင်၌။လဝန်းကိုရာဟုဖမ်း၍။ အရောင် အဝါမထင်သည်ကို။ ဝိဒေဟရှင်ရသေ့မြင်လျှင်။ ဂန္ဓာရ ရှင်ရ သေ့အါး ဆရာအဘယ်ကြောင့်ရာဟုသည်လကိုဖမ်း၍အရောင် အဝါမရှိသည်ကိုပြုသနည်းဟုမေးသောအခါ။ဂန္ဓာရရှင်ရသေ့ က။တပည့်ဝိဒေဟရှင်ရသေ့။ဤရာဟုမည်သည်ကား။ လ၏တ ခုသော ဘေးရန်အညစ်အကြေးဖြစ်၍။ ထွန်းပစိမ့်သော်ဌါ။မ ပေး။ ငါသည်ရှေးကိ သို့ရတိုင်းဂန္ဓရာတိုင်း။ တိုင်းနှစ်တိုင်းတို့ ကို။ အာဏာတံခိုးအစိုးရသော မင်းဖြစ်စဉ်ကာလ။ ရာဟုဖမ်း သောလဝန်း၏ အရောင်အဝါမရှိသည့်ကိုမြင်၍။ ငါ၌လည်း။ဤ ရာဟုနှင့်တူသောမူးမဘ်ပရိသတ်တို့သည်။ အရောင်မရှိသည် ကိုမပြုမိုတေါထွက်အံ့။ဤနိုင်ငံပြည်ကြီးကိုဆိုဆုမ္မ၍နေသဖြင့်။ အဘယ်အကျိုးရှိအံ့နည်း။တေစ်ကိုယ်တည်းတော်အရပ်သို့သွါး ၍ကို့ကိုယ်ကိုသာ ဆုမ္မ၍ နေသော်သာလျှင်။ သင့်တင့်လျော် ဝတ်အကျိုးကြီးမြတ်အံ့ဟုကြံ အောက်မေ့ပြီးလျှင်နိုင်ငံပြည်ကြီး ကိုစွန့်၍။ ရသေ့ရဟန်းပြု၏ဟုပြောကြား၏။ထိုအခါဝိဒေဟရှင်

ရသေ့ကဆရာသည်ဂန္ဓာရမင်းလောဟုမေး၏။ ထိုအခါဂန္ဓာရ
ရှင်ရသေ့က။ ဝိဒေဟရှင်ရသေ့ ငါသည်ဂန္ဓာရမင်း ဟုပ်၏ဟု
ပြန်ပြောသည်ရှိသော်။ ဆရာဂန္ဓာရ ရှင်ရသေ့။ ကျွန်ုပ်သည်
လည်း။ဝေဒေဟတိုင်းမိထိလာပြည်ကြီးကိုအာဏာတံခိုးအစိုးရ
သောဝိဒေဟမင်းတည်း။ ငါတို့နှစ်ပါးသည် မမြင်ဘူးသော အ
ဆွေခင်ပွန်းဖြစ်ကုန်၏ဟုပြောကြားလေ၏။ ထိုအခါ ဂန္ဓာရရှင်
ရသေ့က။ဝိဒေဟရှင်ရသေ့ကို။ တပည့်ဝိဒေဟရှင်ရသေ့။ သင်
သည်အဘယ်ကိုအကြောင်းပြု၍။ တောထွက်ခဲ့သနည်းဟုမေးပြန်
လျှင်။ဂန္ဓါရရှင်ရသေ့။ရှင်ရသေ့နှင့်ကျွန်ုပ်တို့သည်အဒိဋ္ဌသဟာ
ယဖြစ်၍ နေကြစဉ်။ ရှင်ရသေ့တောထွက်သည်ကို သတင်းစ
ကားကြားသိရလျှင်။ ရှင်ရသေ့ကိုအာရုံပြု၍။ တသောင်းခြောက်
ထောင်ကုန်သော။ ကချေသည်မိမ္မစသည်တို့ကိုတပ်မက်မော
ခြင်းမရှိစွန့်လွှတ်၍။တောထွက်ခဲ့ပါသည်ဟုပြောကြား၏။ထိုအ
ခါ၌မှစ၍။ရသေ့နှစ်ပါးတို့သည်တောအရပ်၌အလွန်ချစ်ခင်မြတ်နိုး
ကြသည်ဖြစ်၍။အညီအညွတ်ကာလမြင့်ရှည်စွာနေကြပြီးမှ။ချဉ်
ဆားအရသာအလို့ငှါပစ္စန္တရစ်ရွာငယ်တရွာသို့ထွက်လာကြ၍။ထို
ရွာ၌ဒါယကာတို့ဆောက်လှူအပ်သောကျောင်း၌သတင်းသုံးနေကြ
သောအခါ။ဒါယကာတို့က။ ဆားနှင့်ဆွမ်းကိုကပ်လှူကြကုန်၏။
ဆားခြောက်ကိုလည်းဖက်နှင့်ထုပ်၍ကပ်လှူကြကုန်၏။ဝိဒေဟရှင်
ရသေ့က။ဖက်နှင့်ထုပ်သောဆားခြောက်ကို။ ဒါယကာတို့ဆားမ
လှူသောအခါ။ ဤဆားကိုပင် သုံးဆောင်ရအံ့ဟု နှစ်လုံးပိုက်၍
ကျောင်း၏မျက်အမိုး၌ညှပ်ခါထားလေ၏။တနေ့သ၌။ ဒါယကာ
တို့ကဆားမပါဘဲ ဆွမ်းချည့်သက်သက်လှူလေသော်။ ဝိဒေဟ
ရှင်ရသေ့က။ညှပ်၍ထားသောဆားထုပ်မှဆားကိုယူ၍။ဂန္ဓာရ
ရှင်ရသေ့အားပေးလေ၏။ထိုအခါဂန္ဓာရရှင်ရသေ့က။ ယနေ့ဒါ
ယကာတို့ဆားမလှူ။အဘယ်မှါဆားရသနည်းဟုမေးလေသော်။
ယမန်နေ့က ဆားမလှူသောအခါ သုံးဆောင်ရန် ကျွန်ုပ်သိမ်း၍
ထားသောဆားပါဟုပြန်ပြောလေသော်။ဪဗျာန်အဘိညာဉ်

မှအချည်းနှီးဖြစ်သောဝိဒေဟာရှင်ရသေ့။ ရှင်ရသေ့သည်။ ဝိဒေဟတိုင်း မိထိလာပြည်ကြီးနှင့် တကွ။ တသောင်းခြောက်ထောင်ကျန်သောကချေသည်မိမ္မစသည်တို့ကို တပ်မက်မောခြင်းမရှိ။ ဗွန့်ဖြစ်ခဲ့၍တောသို့ရောက်၍။ရသေ့ရဟန်းပြုပြီးမှ။ဤအနည်းငယ်သောဆား၌တပ်မက်မောပြန်ခြင်းသည်။ မသင့်လေစွတကားဟုကဲ့ရဲ့ဖြစ်တင် ရှုပ်ချလေ၏။ ထိုအခါ ဝိဒေဟာ ရှင်ရသေ့က။ သည်းမခံနိုင်သည်ဖြစ်၍ဂန္ဓာရရှင်ရသေ့ကို ပြန်လှန်၍ဆိုသည်မှာ။ဂန္ဓာရရှင်ရသေ့။တိုင်းနိုင်ငံကိုဆိုဆုမ္မရခြင်းသည်။ အကျိုးမရှိပြီ။တစ်ကိုယ်တည်းတောအရပ်၌ ကိုယ့်ကိုယ်ကိုသာဆိုဆုမ္မ၍နေရသော်ကောင်းအံ့ဟု။ ကြံအောက်မေ့၍။ တောသို့ထွက်၍လာသည်ဟုသင်ပြောကြား၏။ ယခုသူတပါးကိုဆို ဆုမ္မ ပြန်သည်ကား။ ရှေ့စကားနှင့် နောက်စကားမညီ။ အဘယ်ကြောင့် ယခုဆိုဆုမ္မပြန်သနည်းဟုပြန်လှန်၍။ မေးပြန်သောအခါ။ ဂန္ဓာရရှင်ရသေ့က။ ။ဓမ္မံဘဏာမိဝေဒေဟ။ အဓမ္မောမေန ရုစ္စတိ။ ဓမ္မံမေဘဏာသမာနဿ။နပါပမုပလိမ္ပတိ။ ။ဤဂါထာကိုရွတ်ပြန်လေ၏။ ။ဝေဒေဟ။ဝေဒေဟရှင်ရသေ့။ဓမ္မံ။ဟုတ်မှန်သောသဘောကို။ဘဏာမိ။ငါဆို၏။အဓမ္မော။ မဟုတ်မမှန်သောတရားကို။မေ။ငါသည်။နရုစ္စတိ။မနှစ်သက်အပ်။ ဓမ္မံ။ ဟုတ်မှန်သောအကြောင်းကို။ ဘာသမာနဿ။ ဆိုသော။ မေ။ငါ့အား။ ပါပံ။မကောင်းမှုသည်။နဥပလိမ္ပတိ။ မလိမ်းကျံ။ ဝါ။ မကပ်ငြိ။ ။ဤကားယောဇနာ။ ။အဓိပ္ပါယ်ကား။ သင်အားဟုတ်မှန်သည့်အတိုင်း။ငါပြစ်တင်ကဲ့ရဲ့သည်၊ငါ့အါးတစုံတခုမကောင်းမှုမလိမ်းကျံ။မဟုတ်မမှန်သောသဘောကိုလည်း ငါမရှာ။ ငါမနှစ်သက်ဤသို့ဟုတ်မှန်သည့်အတိုင်း။ ဆုမ္မဩဝါဒ ပေးခြင်းသည်ကား။ ဘုရားပစ္စေကဗုဒ္ဓါဘုရားလောင်းတို့၏။ ဆုမ္မဩဝါဒ ပေးသောနည်းအစဉ်တည်း။ ထိုဘုရားပစ္စေကဗုဒ္ဓါဘုရားလောင်းတို့ပေးသောဟုတ်မှန်သောနည်းအစဉ်ကို။လူရိုက်တို့သည်။ မလိုက်နာကျန်။ထိုသို့မလိုက်နာကျန်သော်လည်း။ ဆုမ္မပေးသောသူအား။

တစုံတခုမကောင်းမှုမရှိဟူလို။ ။ထိုနောင်။နိဓိနံဝပဝတ္တာရံ။ယံ
ပဿေဝဇ္ဇဒဿိနံ။နိဂ္ဂယှဝါဒိံမေဓာဝိံ။တာဒိသံပဏ္ဍိတံဘဇေ။
တာဒိသံဘဇမာနဿ။ သေယျောဟောတိနပါပိယော။ ။
ဩဝဒေယျာ နုသာသေယျ။ အသဗ္ဘာဝါနိဝါရယေ။ သတံဟိ
သောပိယော ဟောတိ။ အသတံဟောတိအပ္ပိယော။ ။ဟူ
သောနှစ်ဂါထာကိုရွတ်ပြန်လေသည်။ ။ပဝတ္တာရံ။ဆုံးမဩဝါဒပေး
တတ်သော။ဝဇ္ဇဒဿိနံ။ အပြစ်ကို ရှုလေ့ရှိသော။ နိဂ္ဂယှဝါဒိံ။
နှိပ်၍ဆိုတတ်သော။မေဓာဝိံ။ပညာရှိသော။ယံ။အကြင်ပုဂ္ဂိုလ်
ကို။နိဓိနံဝ။မြှုပ်ထားအပ်သောရွှေအိုးကဲ့သို့။ ပဿေ။ ရှုရာ
၏။ တာဒိသံ။ ထိုသို့ သဘော ရှိသော။ ပဏ္ဍိတံ။ ပညာရှိကို။
ဘဇေ။ ဆည်းကပ်ရာ၏။ တာဒိသံ။ ထိုသို့သော။ ပညာရှိကို။
ဘဇမာနဿ။ မှီဝဲသော သူအား။ သေယျော။ မြတ်သည်။
ဟောတိ။ ဖြစ်၏။ ပါပိယော။ ယုတ်မာသည်။ နဟောတိ။ မ
ဖြစ်။ ။ဩဝဒေယျ။ဆုံးမရာ၏။အနုသာသေယျ။ကန့်မြစ်ရ၏။
အသဗ္ဘာဝါ။ မကောင်းမှုမှ။ နိဝါရယေ။ မြစ်ရာ၏။ သော။ ထို
ဆုံးမသောသူကို။သတံ။သူတော်ကောင်းတို့သည်။ပိယော။ ချစ်
အပ်သည်။ဟောတိ။ဖြစ်၏။ အသတံ။သူတော်မဟုတ်။ သူယုတ်
တို့သည်။ အပ္ပိယော။မချစ်အပ်သည်။ ဝါ။မုန်းသည်။ဟောတိ။
ဖြစ်၏။ ။ဉာကားယောဇနာ။ ။အဓိပ္ပါယ်ကားထင်ရှား၏။ ။
ထိုဂန္ဓာရရှင်ရသေ့၏စကားကို။ ဝေဒေဟ ရှင်ရသေ့ ကကြား
သည်ရှိသော်။ဆရာဂန္ဓာရရှင်ရသေ့။အကျိုးနှင့်စပ်ယှဉ်သောစ
ကားကိုဆိုသော်လည်း။သူတပါးတို့ကို။ ထိခိုက်ချုပ်ချယ်၍ဆို
ခြင်းငှာမသင့်။ ရှင်ရသေ့သည် ငါ့ကို ဓားလက်နက်ဖြင့်။ ခုတ်
ဖြတ်သကဲ့သို့။အလွန်ကြမ်းကြုတ်စွာဆိုဘိ၏ဟု။ ဝေဒေဟရှင်ရ
သေ့ကဆို၏။ထိုအခါဂန္ဓာရရှင်ရသေ့က။ ။ကာမံရုပ္ပတုဝါ
မာဝါ။ဘုသံဝိကိရိယတု။ဓမ္မံမေဘဏမာနဿ။နပါပမုပလိမ္ပ
တိ။ဟူ၍ဤဂါထာကိုရွတ်ပြန်လေ၏။ ။ဝေဒေဟ။ဝေဒေဟရှင်ရ
သေ့။ကာမံ။စင်စစ်။ရုပ္ပတုဝါ။အမျက်ထွက်လိုလည်းထွက်စေ။

မာရုပ္ပတ္ဂါ။ အမျက်မထွက်လိုလည်းနေစေ။ ဘူသိဏ္ဍဝ။ ဖွဲ့ပြာ
ကဲ့သို့။ဝိကိရိယတု။ကြဲသည့်မှုလည်းဖြစ်စေ။ခမ္ဘံ။ဟုပ်မှန်သော
သဘောကို။ဘဏာမါနသာ။ဆိုသော်။မေ။ငါ့အား။ပါပံ။မကောင်း
မှုသည်။နူပလိမ္ပတိ။မကပ်ငြိ။ ။ဤကားယောဇနာ။ ။အဓိပ္ပါယ်
ကားထင်ရှား၏။ ။ထိုနောင်ဂန္ဓာရရှင်ရသေ့ကား။ဝေဒေဟရှင်
ရသေ့အား။ဩဝါဒဆုမ္မစကားပေးပြန်သည်မှာ။ဝေဒေဟရှင်ရ
သေ့။ရဟန်းဖြစ်စေ။ လူဖြစ်စေအကြင်သူသည်။ သင်အပ်သော
အာစါရဝိနည်း။ပဏ္ဏတ္တိဝိနည်းမရှိသည်ဖြစ်က။မဟိံ ကာဏ်ဝန်ရိုင်း။
တောကိုတိုး၍။ဆိုးကောင်းယုတ်မြတ်။မသိတတ်ဘဲ။ဟပ်မိတိုင်း
စားသကဲ့သို့။ မကောင်းမှုတရားသာပွါးများလေရာသည်။ ဟူ
သောအဓိပ္ပါယ်ကိုဆိုလေသည်။ထိုသို့ဆိုသောစကားကိုကြား
လျှင်သံဝေဂဖြစ်၍။ ဝေဒေဟရှင်ရသေ့က။ ဆရာဂန္ဓာရ ရှင်ရ
သေ့။ဤနေ့ကစ၍။ကျွန်ုပ်ကိုနေ့ခံနောင်ကိုလည်း။ ဤကဲ့သို့ဆုမ္မ
တော်မူပါ။အကျွန်ုပ်သည်။မလိမ္မာသည့်အလျှော်။ဆရာတို့နှင့်တူ
ကွပြိုင်ဘက်၍ ဆိုမိပါသည်။ ထိုဆိုမိသောအပြစ်ကို။သည်းခံ
တော်မူပါဟုကံတော့တောင်းပန်၏။ဟေမဝန္တာသို့ ပြန်သွားကြ
ပြီးလျှင်။ကသိုဏ်းပရိကံကိုဂန္ဓာရရှင်ရသေ့က။ ဝေဒေဟရှင်ရ
သေ့အားဟော၍။ပွါးစေသဖြင့်။ဈာန်အဘိညာဉ်ကိုရပြီးလျှင်။ရ
တေသေလွန်သောအခါ။ဗြဟ္မာဘုံ၌ဖြစ်ကြလေ၏။ ထိုအခါဝေ
ဒေဟရှင်ရသေ့သည်ယခုအခါ အာနန္ဒာဖြစ်လာ၏။ ဂန္ဓာရရှင်ရ
သေ့သည်။ ငါဘုရားဖြစ်လာ၏ဟု။ ဇာတ်တော်ကိုပေါင်းရုံး၍။ နိ
ဂုံးကပတ်အပြီးသတ်လေ၏။ဤသို့နိပါတ်ဇာတ်တော်ကိုမှတ်လို
သောသူတို့အကျိုးငှါ။ အကျဉ်းအားဖြင့်ထုတ်ပြလိုက်သည်။ ထို
ရင်းကားဤနိပါတ်တော်၌။ လကိုပရုန္နသိဥပုသ်နေ့၌သာရာဟု
ဖမ်းသည်ကိုသိစေလိုရင်းဖြစ်သည်။လပြည့်ကျော်တစ်ရက်နှစ်
ရက်နေ့၌။လကိုရာဟုဖမ်း၏ဟုကျမ်းဂန်၌မလာ။ထိုကြောင့်။ လ
ပြည့်ကျော်တစ်ရက်နှစ်ရက်နေ့မှလကိုရာဟုဖမ်း၏ ဟူသောစ
ကားကိုကျမ်းဂန်နှင့်မညီဟုမှတ်လေ။ ။ထိုဟူးရား ဗေဒင်ဆ

ရာတို့သည်။မှော်မှါးသောနည်းဖြင့်။တပါးသောသူတို့အား။အခါ
ယုချနှစ် သက္ကရာဇ်ဖွဲ့ကြကုန်၏။မမှန်။တစုံတခုအမှုပြုရာ၌။အချိန်
အခါပေးခြင်းကို ပြုကြကုန်၏မမှန်။ သုဘာသုဘ စသည်တို့ကို
လည်း။ ဟောပြောကြကုန်၏မမှန်၊ ဖော်ပြ နိဿတ်ရှင်းကြကုန်
သည်ဖြစ်၍။ မင်းဒဏ်စသောအနတ္တရာယ်ရော်ကြသည်ကို။ မိမွ
မျက်မှောက်၌ပင်။ ထင်ယှားမြင်ကြရကုန်၏။ဤချဟူသောအရာ
၌။ ဿတ်ရှင်းတိမ်းပါးကြသည်ကို။ မှန်ကန်အောင်မပြု မပြုင်ဘဲ
လာလတ္တံ့သော နှစ်တို့၌လည်း။ ဤနည်းအတိုင်းစွဲယူမှတ်သားကြ
ကုန်သည်ရှိသော်။လွဲခြင်းကြီးလွဲကြပါလိမ့်ဦးမည်။ ထိုကြောင့်။
ချဟူသော ခေါ်ဝေါ်မှတ်သားခြင်း၌။ အမှန်အကန်နေရာကျမှတ်
သားအပ်တော့သည်။ ။ဤကားချဟူသောခေါ်ဝေါ်မှတ်သား
ခြင်း၌ယုံကြည်စွာအကျဉ်းမှတ်ဖွယ်။ ။

အဓိမာသာကာရဗ္ဗေဝဟူသောပုဒ်၌။ အဓိမာသ်ဟူသည်။
စမ္မာဓိမာသ်။ပဌ္ဌာဓိမာသ်။ပသျှုဓိမာသ်။ ဒသာဓိမာသ်။တေရ
သာဓိမာသ်။ သောဠသာဓိမာသ်။ အဋ္ဌာရသာဓိမာသ်။ ဟူ၍ခု
နှစ်ပါးအပြားရှိ၏။ထိုအဓိမာသ်တို့၏ဖြစ်စဉ်ကား။ နေပေါ်သည်
မှ။နှစ်နှစ်။ရှစ်လ၁၇ ရက်။ ဂနာရီ။၂ပါဒ်။၄ဗိဇနာ။တပြန်။၇ ခရာ။
လက်ဖြစ်တစ်တွက်လွန်ပြီးသော်။ စမ္မာဓိမာသ်ဖြစ်၏။ ဤနည်း
ဖြင့်ကြွင်းကုန်သောအဓိမာသ်ခြောက်ပါးတို့ကိုလည်းမှတ်။ အ
ဓိမာသ်ခုနှစ်ပါး၏အသက်ကား။ တစ်ဆဲ့ကိုးနှစ်ရှိ၏။ ဤတစ်ဆဲ့
ကိုးနှစ်ဖြင့်။ ထိုသောသက္ကရာဇ်ကိုတည်၍စား။ နှစ်ချကြွင်းလျှင်
စမ္မာဓိမာသ်။ငါးချကြွင်းလျှင်ပဌ္ဌာဓိမာသ်။ရှစ်ချကြွင်းလျှင်ပသျှု
ဓိမာသ်။ ဆယ်ချကြွင်းလျှင် ဒသာဓိမာသ်။ တစ်ဆဲ့သုံးချကြွင်း
လျှင် တေရ သာဓိမာသ်။ တစ်ဆဲ့ ခြောက်ချ ကြွင်းလျှင် သောဠ
သာဓိမာသ်။ တစ်ဆဲ့ရှစ်ချကြွင်းလျှင်အဋ္ဌာရသာဓိမာသ်။ ဟူ၍
မှတ်။ဤအဓိမာသ်ခုနှစ်ပါးတို့တွင်။ပသျှုဓိမာသ်။ သောဠသာဓိ
မာသ်နှစ်ပါးကို၊ ယာစာဓိမာသ်ဟူ၍၎င်း အပစ္စာဓိမာသ်ဟူ၍
၎င်းမှတ်။ကြွင်းကုန်သေါအဓိမာသ်ငါးပါးတို့ကို။ပစ္စာဓိမာသ်ဟူ

၍မှတ်အပ်ကုန်၏။ယါစါမိမာသ်အပဏ္ဏာမိမာသ်ဟူသည်။ကိန်း
ကျရာနှစ်သို့မရောက်မှီ။ရှေးတနှစ်ကပင်ရက်လွန်ကိုလဒ္ဓပေါင်း
၍ရက်ငင်လထပ်ခြင်းကိုပြုအပ်သောကြောင့်။ ယာစာမိမာသ်
လည်းမည်၏။အပဏ္ဏာမိမာသ်သည်းမည်၏။ယာစာမိမာသ်ဟူ
ရာ၌။ယာ၀စပုဒ်ကို။ ။ဒိဝသံဝေတွယာစတိသမ္ဘိဏ္ဏာတိတိယာစော
ဟူ၍။အဓိကရဏသာဓ်ကိတ်ဝစနတ်ပြု။ ။ဝေတွ။၌လဒ္ဓ။ဒိဝသံ။
ရက်လွန်ကို။ယာစတိ သမ္ဘိဏ္ဏာတိ။ပေါင်း၏။ ဌာတိတသ္မာ။ထိုသို့
ပေါင်းရာ၏အဖြစ်ကြောင့်။ သော။ထိုလသည်။ယာစော။ ယာစ
မည်၏။ ။ဤကားယောဇနာ။ ။အဓိမာသ်ဟူသောပုဒ်ကို။အဓိ
ကောမာသော၊အဓိမါသောဟု။ပါဒိပုဗ္ဗပဒကမ္မဓါရယ်သမါသ်
ပြုအပ်၏။ ။အဓိကော။တနင်္ဂနွေရာသီမှလွန်သော။မာသော။လ
တည်း။အဓိမာသော။တနင်္ဂနွေရာသီမှလွန်သောလ။ ။ဤကား
ယောဇနာ။ ။စကားကျကား။တနင်္ဂနွေရာသီတစ်ဆဲ့နှစ်လမှလွန်
သောလဟုဆိုလိုသည်။ ။ယာစဟူသောပုဒ်နှင့်။အဓိမာသဟူ
သောပုဒ်ကို။ယာစောအဓိမာသောယာသာအတ္ထိတသ္မိံ၀ါ၀ိဇ္ဇတိ
တိယာစါမိမာသောဟူ၍ဗဟုဗ္ဗိဟိသမါသ်ဝစနတ်ပြုအပ်၏။ ။
ယာသာသတ္တရာဇသာ။ အကြင်သတ္တရာဇ်အါး။ယါစော။ရက်လွန်
နေ့၏ပေါင်းရာဖြစ်သော။အဓိမာသော။ အဓိမာသ်သည်။အတ္ထိ။
ရှိ၏။ဝါ။ တသ္မိံကား။ တသ္မိံ။ထိုနှစ်၌။ ယာစော။ ရက်လွန်နေ့၏
ပေါင်းရာဖြစ်သော။အဓိမာသော။လွန်သောလသည်။ ဝိဇ္ဇတိ။ရှိ
၏။ဌာတိတသ္မါ။ ထိုသို့ပေါင်းရာဖြစ်သောအဓိမာသ်၏ခံရာတည်
ရာ၏အဖြစ်ကြောင့်။သောသံဝစ္ဆရော။ ထိုနှစ်သည်။ယာစာမိမာ
သော။ယာစါမိမာသ်မည်၏။ ။ဤကားယောဇနာ။ ။ပဉ္စုမိမာသ်
ဟူရာ၌။ပဉ္စုသဒ္ဒါသည်။နွားကိုဟောသည်။နွား၏ခြေ၌။ ခွါရှစ်
ခုရှိသည်ဖြစ်၍။ သင်္ကေတသဒ္ဒါနည်းအါးဖြင့်။ ရှစ်ခုသင်္ချာကို
ယူ၍။ပဉ္စုဟိဥပလက္ခိတောအဓိမါသောယာသာအတ္ထိတသ္မိံ၀ါ
ဝိဇ္ဇတိတိ ပဉ္စုမိမာသော။ ဟူ၍ ဗဟုဗ္ဗိဟိသမာသ်ဝစနတ်ပြု
အပ်၏။ ။ယာသာ။အကြင်သတ္တရာဇ်အါး။ ပဉ္စုဟိ။ ရှစ်ခုတို့ဖြင့်။

ဥပလက္ခိတော။ မှတ်အပ်သော။ အဓိမာသော။ လွန်သော လ
သည်။အဓိက္ကံ။ရှိ၏။ဝါ။တန်ချိုးကား။တဒ္ဓိ။ထိုနှစ်၌။ပဉ္စာယတိ။ ရှစ်ခု
တို့ဖြင့်။ဥပလက္ခိတော။မှတ်အပ်သော။အဓိမာသော။လွန်သော
လသည်။ဝိဓ္ဓတိ။ရှိ၏။ဇာတိတဒ္ဓါ။ ထိုသို့ရှစ်ခုတို့ဖြင့်။ မှတ်အပ်
သောလွန်သောလ၏ ခံရာတည်ရာ၏အဖြစ်ကြောင့်။ သောသံ
ဝဏ္ဏရော။ ထိုနှစ်သည်။ ပဉ္စာဓိမာသော။ ပဉ္စုမိမာသ်မည်
၏။ ။ဤကားယောဇနာ။ ။စမ္ဘာဓိမာသ်ဟူရာ၌။စမ္ဘသဒ္ဒါ
သည်။နှစ်ထပ်နှစ်လွှာရှိသော။ ချပ်တံဆာကိုဟောသည်ဖြစ်၍။
နှစ်ခု သင်္ချာကိုယူ၍ ရှေးနည်း ဗဟုဗ္ဗိဟိ သမာသ် ဝစနတ်ပြု။
ကြွင်းကျန်သော အဓိမာသ်တို့၌လည်း။ ချိုးတူဗဟုဗ္ဗိဟိသမာသ်
ဝစနတ်ပြု။ဤအဓိမာသ်ခုနှစ်ပါး၌။ တစ်ဆဲ့ကိုးခုစားခြင်းသည်။
မသင့်ဟူ၍ ဗလတ္တစိန္တာ ဗိုလ်ဗိုကာ တို့၌ဆို၏။ အခါခပ်သိမ်းမ
မှန်။ ဖော်ပြန်ချွတ်ရှင်း၏ ဟူ၍လည်း။ ဒွါဒသ ပရိမာနကျမ်း၌
ဆို၏။ မသင့်ကြောင်း။ အခါခပ်သိမ်းမမှန်။ ဖော်ပြန်ချွတ်ရှင်း
ကြောင်းကိုအလိုရှိလျှင်။ ထိုကျမ်းတို့၌ကြည့်လေ။ တန်ချိုးကား။
သက္ကရာဇ်ရှည်တည်။အဓွနဝသတ္တနုတ်။နုတ်ကြွင်းသက္ကရာဇ်တို
ဖြစ်၏။ သက္ကရာဇ်တိုတည်။ ဧကံဒွေး ပဉ္စပည်း စမ္ဘဧကဥတု။
၆၁၂၅၅၂၁ ဖြွေ၊ ရနိ သတ္တနော ပဉ္စ နဝဧက ·သော။
၆၁၉၅၉၇၇ နှော။အနုနဒါနဝိတ္တက။၁၆၆၀၈၀၀၀စား။လဒ်ကို
နဝါရုပ။၁၉ဖြွေ။ဝိပါက။ ၃၁၄နှော။သတ္တစား။လဒ်ကိုနဝါရုပ
စားပြန်။ အကြွင်းကိုရှု။ ၂ခုကား၊စမ္ဘာဓိမာသ်။ ၅ခုကားပဉ္စာ
ဓိမာသ်။ ၈ ခုကားပဉ္စာဓိမာသ်။ ၁၀ခုကားဒသာဓိမာသ်။၁၃
ခုကားတေရသာဓိမာသ်။ ၁၆ ခုကား သောဠသာဓိမာသ်။၁၈
ခုကားအဋ္ဌာရသာဓိမာသ်မည်၏။ ဤချိုးကား။ မဖော်မပြန် မှန်
ကန်သောချိုးတည်း။ ။ဤကားအဓိမာသာကာရဒွေဝဟူရာ
၌ယုံကြည်ဖွယ်အကျဉ်းမှတ်ဖွယ်။ ။
ထိုဂါထာတတိယပါဒ၌။အာကာသီမာဟာတွံ။ဟူသောပုဒ်ကို။အာ
ကာသီ မာဟာနံဘာဝေါအာကာသီမာဟာတွံဟု။ ဘာဝတဒ္ဓိတ်ဝစ

နတ်ပြု၊တွံပဉ္စျီးသက်။ ။အာကာဆိုမာဟာနံ၊ငင်အပ်ကျန်သော၊
လရက်တို့၏၊ဘာဝေါ၊အဖြစ်တည်း။ အာကာဆိုမာဟာတွံ၊ငင်အပ်
ကျန်သောလရက်တို့၏အဖြစ်။ ။ဤကားယောဇနာ။ ။ဤ
ဝစနတ္တ၌။ အမာဝါသီနှစ်ထပ်ဖြစ်ခြင်း၊ရက်လွန်ပြုခြင်း။ မာသ
ကိန်းတစ်ဆဲ့သုံးလတိုးခြင်းဟုဆိုအပ်သောအင်္ဂါသုံးပါးကိုဒင်း၊
ထိုမှတပါး ရက်ငင်ခြင်း အကြောင်းတို့ကိုဒင်း။ ဘာဝအရဖြစ်
စေ။ ရက်လွန်ဟူရာ၌၊နေပေါ်သည်မှစ၍။ တနေ့နှင့်တည၌ဖြစ်
လျှင်။ နာရီလွန်တစ်နာရီ-၃ ပါဒ် ၇ ဗိဇနာရ၏။ တလသို့ရောက်
လျှင်။ ၅၆-နာရီရ၏။ နှစ်နှစ်ရှစ်လ-၁၇ -ရက်-၈-နာရီ။ ၂ ပါဒ်
၄ ဗိဇနာ၊ တပြန်၊၇ ခြာ၊လက်ဖြစ်တစ်တွက်ဟု ဆိုအပ်သော
အဓိမာသ် တစ်ပါး၏။ အသက်ပြည့်သို့ ရောက်သောအခါ၊နာရီ
လွန်။ ၁၈၂၄-နာရီလွန်လေ၏။ ထိုနာရီကိုရက်ဖွဲ့သော် ၃၀ ရ
၏၊ထို ၃၀ သည်တလဖြစ်၏။ ထိုမှ ၂၄ နာရီ ကြွင်း၏။ ထိုသို့
တခါ ပြုသော်-၂၄ နာရီလွန်၏။ နှစ်ခါပြုသော်-၄၈ နာရီလွန်
၏။ သုံးခါပြုသော်-၇၂ နာရီလွန်၏ဟုတွက်၍။ နာရီ-၆၀ ပြည့်
လောံသောကာလ၌၊၆၀ ကိုတစ်ရက်ပြု၍။ ထိုသို့ပြုသောနှစ်၌၊
တလနှင့်တရက်ငင်ရာ၏။ လကိုဝါဆိုလ၌ထပ်၍ငင်ရာ၏။ ရက်
ကိုနယုံလ၌၊ရက်စုံပြု၍ငင်ရာ၏၊ဤသို့ရက်လွန်ဟူသည်ကိုမှတ်
အပ်၏၊ရက် ၃၀ ပြည့်လျှင်၊ရက်လွန်ဟူ၍မဆိုရပြီ၊ လလွန်ဟူ
၍ဆိုအပ်၏၊ဤကားလရက်ငင်ခြင်းအကြောင်းတပါး။ ။တ
နည်းကား။ မါသကိန်းကိုနှစ်ဘော်ထား။ အောံတစ်ဘော်ကို၊ဇေ
ကနွေးပဍ္ဍပည်းစမ္ဗဇကောဥတု။ ၆၁၂၅၅၂၁-မြှော်၊ဇကါနွေးပဍ္ဍ
ဇကာစမ္ဗဇယပည်းသုညနွေး။ ၂၀၅၄၂၁၅၂၁- စားလဒ်ကား
သုဒ္ဓလလွန်ပေါင်း။စါးကြွင်းသုဒ္ဓအဓိမာသ်ဖြစ်၏။လဒ်အတိုင်းအ
ထက် တစ်ဘော်တွင်နှုတ်။ နှုတ်ကြွင်း အသာ်လပေါင်း ဖြစ်၏။
၁၂-ရော်သိစား။လဒ်ကားတည်ရင်းသက္ကရာဇ်ထွက်ပြန်၏။ သုဒ္ဓ
အ ဓိမာသ် တည်။ ဇေါနွေး သဏ္ဍ ဇကာ ပဍ္ဍယာမ ဇေါ ရှိ။
၇၄၃၅၁၇၂၄ နှော၊မျှားသော် ဇက်နွေးပဍ္ဍဇက်စမ္ဗဇယပည်း

သုညနေ့း၍မြို့။ မုကၡျအဓိမာသ်ဖြစ်၏။ မြို့ရမူကား။ ထိုနှစ်အဓိမာသ် သင့်၏လင်ငင်ရမြဲ။ ဤနည်းဖြင့်။ ကမ္ဘာဆုံးအောင် တွက်သော် လည်း။ ဖောက်ပြန်ခြင်းမရှိပြီ။ ဤသည်လည်းလင်ငင်ခြင်းအကြောင်း တစ်ပါး။ ။အကြွင်းအခါ။ တိထိလပေါင်းတစ်ဆဲ့သုံးလနှင့်နှစ် ပြည့်၏။ ထိုအခါလင်ငင်ခြင်းကိုပြုအပ်၏။ တစ်ဆဲ့သုံးလဖြင့်။ တိထိ ရက်စွန်းလာမူငင်အပ်လှတော့သည်သာ။ ဤသည်လည်းလင်ငင် ခြင်းအကြောင်းတစ်ပါး။ ။အကြွင်းအခါ။ ၃၆၆-ရက်နှင့်အတာ တက်၏။ ထိုအခါတိထိရက်လွန်။ တစ်ရက်နှင့် ၄၉ နာရီပါဒ် ပြည့် ၄ ဗိဇနာ ၃ ပြန်လွန်၏။ အကြွင်းအခါ -၃၆၅- ရက်နှင့်အ တာတက်၏။ ထိုအခါတိထိရက်လွန်။ တစ်ရက် ၄၈ နာရီပါဒ် ပြည့်။ ၇ ဗိဇနာ-၁ ပြန်-၆ ခြာ လွန်၏။ ထိုတိထိရက်လွန်တို့ သည်။ ၃၀ ပြည့်၍ပြီးသောအခါ။ တိထိလပေါင်းတစ်ဆဲ့သုံးလ နှင့်နှစ်ပြည့်၏။ ထိုအခါလင်ငင်ခြင်းကိုပြုကုန်ရာ၏။ ဤသည်လည်း လင်ငင်ခြင်းအကြောင်းတစ်ပါး။ ။သူရိယမာသဋ္ဌ။ နှစ်နှစ်ရှစ်ရာ သိ-၁၇ အံသာသောသတစ်ချသို့။ နေမိမ်ါနှ်ရေခံသောအခါ။ စန္ဒြ မာသသည်တိထိလပြည့်၍။ တစ်လလွန်၏။ ထိုနှစ်စန္ဒြမါသဋ္ဌ။ လ ငင်ခြင်းကိုပြုအပ်၏။ ဤသည်လည်းလင်ငင်ခြင်းအကြောင်း တစ် ပါး။ ။ရက်ငင်ရာသည်ကား။ တိထိလပေါင်း။ တစ်ဆဲ့နှစ်လ နှင့်။ အတာတက်သောနှစ်ဖြစ်လျှင်။ ၁၆ နာရီ ၂ ပါဒ် ၉ ဗိဇနာ လွန်၏။ တိထိလပေါင်းတစ်ဆဲ့သုံးလနှင့် အတာတက်သော နှစ် ဖြစ်လျှင်။ ၁၈ နာရီပါဒ်ပြည့်၂ ဗိဇနာ ၁ ပြန် ၅ ခြာရ၏။ လွန် ၏။ ထိုနာရီ ၆၀ ပြည့်လျှင်။ ဝါဟာရရက်တစ်ရက်ရ၏။ ဝေါ ဟါရရက်ကိုတိထိရက်မမှီနိုင်ရှိခဲ့၏။ တိထိရက်အဝမာန်တို့ကို မှီ၍။ စန်းရောသိအသ်ာလိတ္တာဖြစ်၏။ စန်းရောသိအသံဒလိတ္တာကိုမှီ ၍။ နက္ခတ်ဖြစ်၏။ ထို့ကြောင့် တိထိလပေါင်း တစ်ဆဲ့သုံးလနှင့် အတာတက်သည့်နှစ်တွင်။ ဝေါဟာရခေါ်ဝေါ်သော ဒုတိယဝါ ဆိုလပြည့်ကျော် တစ်ရက်နေ့၌။ ဥတ္တြာသဠ်နက္ခတ်ကို မမှီသော် ငှင်း။ ပုဏ္ဏာတိထိကိုမမှီသော်ငှင်း။ ရက်ငင်ခြင်းကိုပြုအပ်၏။ ဤ

သည့်လည်းရက်ငင်ခြင်း အကြောင်းတစ်ပါး။ ။ဝေါဟာရ ၁၅-ရက်ရှိသည့်ကာလ။တိထိ ၁၄ သာဖြစ်ရကား။ဝေါဟာရ ၁၆-ရက်မြောက်ကို။ ၁၅ ရက်ဟုထပ်၍ရေမှ။တိထိ ၁၅ နှင့်ပြိုင် လေသတည်း။ထို့ကြောင့်တိထိနှင့် ဝေါဟာရပြိုင်စေခြင်းငှာ။ ရက်ငင်ခြင်းကိုပြုရလေသတည်း။ထိုသို့-၁၅ ရက် ၁၅ ရက် စသောအားဖြင့်။ နှစ်ထပ်ပြု၍။ ရေအံ့သောရက်၌ပင်။ ငင်သင့် သော်လည်း။ အခေါ်အဝေါ်မပင်ပန်းစေခြင်းငှာ။ ၂၉-ရက်လ ကွယ်တိုင်အောင်။ ငန့်ဆိုင်း၍ရက်ရုံ သတ်လျှင်။ ရက်ငင်ခြင်း ကိစ္စပြီးသည် သာတည်း။ ယခုကာလ၌မူကား။ ထိုရေအံ့ သော ရက်ကိုပင်လည်း။ ပင်ပန်းနိုး၍။ အဓိမာသ်ကြွမ်သောနှစ်မှ။ လ ရက်အစုံငင်ကုန်၏။ထိုသို့ငင်ခြင်းသည်။အသုံးအဆောင်အခေါ် အဝေါ်လွယ်၏။အဓိမာသ်ကြုံကိုသောနှစ်တိုင်အောင်။ငန့်လင့်ရ သည်ဖြစ်၍။အဓိမာသ်မသင့်မှိနှစ်တို့၌။ ရက်ငင်လမှစ၍။ ရက် ကိုမငင်ရသော ကြောင့်။ ဝေါဟာရလဆန်း တစ်ရက်သို့ရင်း။ နှစ်ရက်သို့ရင်း။ဝင်၍လကွယ်၏။ ဝေါဟာရလပြည့်ကျော်တစ် ရက်နှစ်ရက်တိုင်မှ။ လပြည့်လေ၏။ ထို့ကြောင့်ဆွန်းတစ်ရက် နေ့မိုးသောအံ သော်လည်း။ လရေးကိုမြင်ပြန်ရကုန်၏။ နေကြတ် ထိုက်သောကာလ၌လည်း။မကြတ်မူ၍။ဝေါဟာရဆွန်းတစ်ရက် နှစ်ရက်ရှိမှ ကြတ်လေ၏။ လကြတ်ထိုက်သော အခါ၌လည်း။ မ ကြတ်မူ၍။ဝေါဟာရလပြည့်ကျော်တစ်ရက်နှစ်ရက်ရှိမှ လကြတ် လေ၏။လရေးကိုမြင်ခြင်း။လရေး၏တိုးပွါးခြင်း။ လရေး၏ပြည့် ခြင်း။လေရေး၏ဆုတ်ယုတ်ခြင်း။လရေး၏ပြောက်ပြက်ခြင်းတို့ သည်ကား။ တိထိ၏အစွမ်းအားဖြင့်ဖြစ်ကုန်၏။ ထို့ကြောင့် တိ ထိ၁၅ပြည့်၍။ပုဏ္ဏာတိထိပြီးမှသာလျှင်။ ရက္ခအားဖြင့်လပြည့် မည်၏။တိထိ ၃၀ ပြည့်၍။အမာဝါသီတိထိပြီးမှသာလျှင်။ရက္ခ အားဖြင့်လကွယ်၏။ ထိုသို့ရက္ခအားဖြင့်။ ပြည့်ခြင်းကွယ်ခြင်း။ ဝေါဟာရ တိထိ ညီညွတ်ခြင်းကို ဖြစ်စေခြင်းငှာ။အကြင်လအ ကြင်ရက်၌ရက်ငင်ပြီး၏။ထိုလထိုရက်၌။ရက်ငင်ခြင်းကိုပြုအပ်

၏။ဤသည့်လည်းရက်ငင်ခြင်းအကြောင်းတစ်ပါး။ ။အဓိမာ
သသသကော်အန္တရုံဒိဝါကဆိုတဗ္ဗန္တိပဟူ၍ လောကဒီပနီကျမ်း၌
ဆိုခြင်းကြောင့်။ ရှေးအဓိမာသ်၏ အခြားမဲ့။ တစ်ခုသော အဓိ
မါသ်ခြားပြီးသည့်ရှိသော်။သုံးခုမြောက်သောအဓိမါသ်၌။ရက်ကို
ငင်အပ်၏။ဤသည့်လည်းရက်ငင်ခြင်းအကြောင်းတစ်ပါး။ ။
အဓိမာသသသ။ အဓိမာသ်၏။ ကော်အန္တရံ။ တခုအကြား၌။ဒိဝါ။
ရက်ကို။ကဆိုတဗ္ဗံ။ငင်အပ်၏။ ။ဤကားယောဇနာ။ ။အဓိပ္ပါယ်
ကား။ ဝါငယ်ထပ်အဓိမာသ်၏အခြား၌။ ဝါကြီးထပ်အဓိမာသ်
ရက်ငင်ခြင်းကို။ပြုအပ်၏ဟူလို။ ။စမ္ပါဓိမာသ်ရက်မငင်။ပဉ္စါ
ဓိမာသ်ရက်မငင်။ပဉ္စုဓိမာသ်ရက်ငင်၏။ ဒသာဓိမာသ်ရက်
မငင်။ တေရသာဓိမာသ်ရက်ငင်၏။ သောဠသာဓိမာသ်ရက်
မငင်။အဋ္ဌါရသာဓိမာသ်ရက်မငင်။ ။ဤကား၁။ ။စမ္ပါဓိမာသ်
ရက်ငင်၏၊ ပဉ္စာဓိမာသ်ရက်မငင်။ ပဉ္စုဓိမာသ်ရက်ငင်၏။ဒ
သာဓိမာသ်ရက်မငင်။တေရသါဓိမာသ်ရက်မငင်။သောဠသါ
ဓိမာသ်ရက်ငင်၏။အဋ္ဌာရသာဓိမာသ်ရက်မငင်။ ။ဤကား
၃။ ။စမ္ပာဓိမာသ်ရက်ငင်၏။ ပဉ္စါဓိမာသ်ရက်မငင်။ပဉ္စုဓိ
မာသ်ရက်မငင်။ ဒသာဓိမာသ်ရက်ငင်၏။ တေရသာဓိမာသ်
ရက်မငင်။ သောဠသာဓိမာသ်ရက်ငင်၏။ အဋ္ဌာရသာဓိမာသ်
ရက်မငင်။ ။ဤကား၀။ ။စမ္ပာဓိမာသ်ရက်မငင်။ပဉ္စာဓိမာသ်
ရက်ငင်၏။ ပဉ္စုဓိမာသ်ရက်မငင်။ ဒသာဓိမာသ်ရက်ငင်၏။
တေရသာ ဓိမာသ်ရက်မငင်။ သောဠသာ ဓိမာသ်ရက်မငင်။
အဋ္ဌာရသာဓိမာသ်ရက်ငင်၏။ ။ဤကား၈။ ။စမ္ပါဓိမာသ်ရက်
မငင်။ပဉ္စါဓိမာသ်ရက်ငင်၏။ပဉ္စုဓိမာသ်ရက်မငင်။ ဒသာဓိ
မာသ်ရက်မငင်။ တေရသာဓိမာသ်ရက်ငင်၏။ သောဠသာဓိ
မာသ်ရက်မငင်။အဋ္ဌာရသာဓိမာသ်ရက်ငင်၏။ ။ဤကား၅။ ။
သက္ကရာဇ်ကို ၉၅ ခုစါး။ အကြွင်း ၁၉ ခုစါး။ မစားလေသံမှု။
ပထမကိန်းတည်း။လဒ်တစ်ခုရမူ။ဒုတိယကိန်းတည်း။နှစ်ခုရမူ
တတိယကိန်းတည်း။သုံးခုရမူ။စတုတ္ထကိန်းတည်း။လေးခုရမူ။

ပဌမကိန်းဟာသိအပ်၏။ ဤကိန်းတို့ကို။ တစ်ချ၏အဆုံး၌။တစ်ချ
ကိုဆက်၍။ရက်ငင်ခြင်းကိုမှတ်။အသံရက်ကားကြီးခဲ့။ တိထိ
ရက်ကားငယ်ခဲ့သောကြောင့်။ တစ်ရက်တစ်ရက်၌။တစ်နာရီ
၃ပါဒ်၇ ဗိဇနာလွန်သောနာရီပုံသည်။အဓိမာသ်တစ်ကြိမ်တစ်
ကြိမ်၌။ ၁၈၂၄ နာရီလွန်ရကား။ ၁၈၀၀ ကို။တလဖွဲ့၍။ အဓိ
မာသ်တိုင်းလလွန်သတည်း။ ၂၄ နာရီသည်ကား။ ရက်မပြည့်
လေသံသောကြောင့်။ရက်မငင်သတည်း။ပဌါဓိမာသ်၌ ၄၈ နာ
ရီလွန်၏။ပဿျုဓိမာသ်၌။၇၂ နာရီလွန်၏။ ၆၀ ရက်ဖြစ်၍လေ၏။
၁၂ နာရီကြွင်း၏။ဒသာဓိမာသ်၌ ၃၆ နာရီသာဖြစ်၍။ရက်မဖြစ်
လေသံသောကြောင့်။ရက်မငင်သတည်း။ တေရသာဓိမာသ်၌။
၆၀ ပြည့်၍။ ရက်ငင်လေ၏။ သောဠသာဓိမာသ်၌။ ၂၄ နာရီ၊
အဋ္ဌာရသာဓိမာသ်၌ ၄၈ နာရီဖြစ်ရကား။ဒုတိယကိန်းနှင့်ဆက်
လေ၏။စမ္မာဓိမာသ်၌။၇၂ နာရီဖြစ်ရကား။ရက်ပေါ်၍ ၁၂ နာရီ။
ကြွင်း၏။ဤသို့နှင်နှင်။ ၂၄နာရီချည့်တက်လေသောကြောင့်၆၀
ပြည့်သောအခါကား။ ရက်ငင်သတည်း။မပြည့်သောအခါကား
ရက်မငင်သတည်း။ ဟာသိအပ်၏။ ဤသည်လည်းရက်ငင်ခြင်း
အကြောင်းတစ်ပါး။ ။အဓိမာသ်နှစ်ပါးတို့၏အကြား၌။ ၃၁
ရက်မြင်လျှင်၊ ၄ လရက်စုံသတ်မြဲ။ဤသည်လည်းရက်ငင်ခြင်း
အကြောင်းတစ်ပါး။ ။တနည်းကား။အတိတ်ရက်ငင်ပေါင်းဖြင့်။
နေ့သံရက်ငင်ပေါင်းတွင်နုတ်။ တစ်ချကြွင်းလျှင်။ဝါကြီးထပ်မြဲ။
ဤနည်းသည်ရှေးအနုန္တရနည်းနှင့်တူ၏။ ဤသည်လည်းရက်ငင်
ခြင်းအကြောင်းတစ်ပါး။ ။လငင်သောနှစ်၌။အဝမာန်ကိုရှု၍။
စမ္မနဝနေတြပြည့်သောဒ်ရင်းလွန်သောဒ်ရင်း။ ၄ လရက်စုံသတ်
ဝါကြီးထပ်မြဲ။ဤနည်းကားယောဂူယျ။ အပ္ပကာအားဖြင့်ဖော်ပြန်
၏။ ဤသည်လည်းရက်ငင်ခြင်းအကြောင်းတစ်ပါး။ ။တစ်
နှစ်လျှင်။အဝမါန်ခြေံကြိမ်ပြို၍။ဗိန္ဒုက်သဲခြေံရက်ရသည်ကို။
အစွဲပြုသဖြင့်။ ရက်မစုံ ၆ လဖြစ်သည်မှာ။ ရန်ခါဗိန္ဒုက်သဲ ၅
ကြိမ်သာဖြစ်လျက်။မစုံ ၆ လပြုမြဲပြုလေခြင်းကြောင့်။ဝေါဟာ

ရတိထိန္နစ်ပါးမညီရှိသည်အရာကို။ညီညွတ်စေခြင်း၄ှာ။ ရက်ငင်ခြင်းကို ပြုရ လေသည်။ ဤသည်လည်း ရက်ငင်ခြင်း အကြောင်းတစ်ပါး။ ။၃၆ ခုတည်အတာတက်သောရက်လွန်နှောသုံးခုစါး။တစ်ခုကြွင်းသော်ရက်ငင်လေ။မကြွင်းလျှင်မငင်လင့်။ဤသည်လည်းရက်ငင်ခြင်းအကြောင်းတစ်ပါး။ ။ပေါင်းရက်ငင်ခြင်းဆယ်ပါး။ထိုဆယ်ပါးတို့တွင်။ရှေး၅ပါးကို။ အတိသုန္တရဟုမှတ်။ နေ်ာငါးပါးကိုဥာဏ်ဖြင့်ဆင်ခြင်၍မှတ်။ ဤသို့လျှင်လထပ်ခြင်းသည်။ အလွန်ခဲခက်၏။ ထိုထက်ရက်ငင်ခြင်းသည်။အတိဂမ္ဘီရဖြစ်၏။ ဤလထပ်ရက်ငင်ခြင်းအကြောင်းတို့ကို။အဖန်ဖန်ရှုဆင်ခြင်၍။ရက်ငင်သင့်။လထပ်သင့်သေ်ာအခါ၌။လရက်တို့ကို။ငင်ကြထပ်ကြပါလေ။အဓိဝါသိဟူသောပုဒ်ကို။အဘိဓါန်ဋီကါ၌။အဓိဝါသဟာဝတ္တန္တိရဝိစန္တါယသာသံသါအဓိဝါသိဟုဝစနတ္ထပြုအပ်၏။ ။ယသာသံ။အကြွင်ပန္တရသိ၌။ရဝိစန္တာ။နေလတို့သည်။အဓာသဟာ။ တကွ။ဝတ္တန္တိ။ဖြစ်တတ်ကုန်၏။ ဣတိတဆ္မာ။ထိုသို့နေလတို့၏။ဖြစ်ရာ၏။အဖြစ်ကြောင့်။သာ။ထိုပန္တရသီသည်။အဓိဝါသိ။အဓိဝါသိမည်၏။ ။ဤကားယောဇနာ။ ။ ဤဝစနတ္ထ၌။အဓာသဒ္ဒါသည်။ သဟတ္ထဝါစက။ အဗျယနိပါတ်ပုဒ်။ဝ၌။အကိုဒီဃပြု၍။အဓိဝါသိဟုပုဒ်နေဖြစ်၏။ထိုဝစနတ္ထ၏အဓိပ္ပါယ်ကား။ ၂လ်ာကြိုဟ်ဟုဆိုအပ်သောလဗိမာန်၏။နေနှင့်တစ်ကြိမ်တွေ့၍ အဓာဝါသိဖြစ်သော အတိုင်းအရှည်ကို။ အဘယ်သို့သိရအံ့နည်း။တိုထိ ၃၀ တည်ချ၍တ ၆၉၂ မြှော်ဂေါဏ်သိ။ ၇၀၃ စား။လဒ် ၂၉ ရက်အကြွင်းကို ၆၀ မြှော်။စားမြဲစား။လဒ် ၃၁ နာရီအကြွင်းကို၆၀မြှော်။စားမြဲစား။လဒ် ၅၀ ဗိဇနာ။အကြွင်းကို ၆၀ မြှော်။စားမြဲစား။လဒ် ၅ ခြာ။၆၇၅ သောသရ၏။၂လ်ာကြိုဟ်ဟုဆိုအပ်သောလဗိမါန်သည်။နေနှင့်တစ်ကြိမ်တွေ့သောကါလ။အတိုင်းအရှည်ဖြစ်၏။ထိုအခါအသ်ာ၃၀ရက်ရုံဖြစ်၍။နေကားအထက်လကားအောက်။ နေနှင့်လအကြားဓာယူဇနာခြားသည်ဖြစ်၍။ နေနှင့်လထပ်မိကြသဖြင့်။ နေရောင်ဖုံး၍

လကွယ်ခြင်းသို့ ရောံသည်ကို။ အမာဝါသီမည်၏။ ဟူသော
အဓိပ္ပါယ်။ လကွယ်ကိုကား။ အမာဝါသီ တိထိပြို့မှာသာလျှင်။
မုက္ချလကွယ်ဟူ၍ သိအပ်၏။ ဤသို့ထိုထိုရောသိ၍။ တနင်္ဂနွေရှိ
ခိုက် ကွယ်သောလကို အစွဲပြု၍။ ဝေါဟာရ ဖြစ်ထိုက်သော
ကြောင့်။အကြွင်းအခါမိသသရောသိ၍။အမာဝါသီနှစ်ထပ်ဖြစ်၏။ထို
အမာဝါသီနှစ်ထပ်တို့တွင်။ ရှေးအမာဝါသီသည်။ ပဌမစိတြ
မည်၏။နောံအမာဝါသီသည်။ဒုတိယစိတြမည်၏။ဤနည်းချည့်
အမာဝါသီနှစ်ထပ် ဖြစ်ထိုက်သမျှ။ ဝေါဟာရလကိုသိရသည်။
ဤကိုရည်၍။လောကဒီပကသာရစမတ္တန်ကျမ်းတို့၌။ ။အဓိမာ
သာဓိကောယတြ။ဒွိရာသင္ဂေါပဝတ္တတိ။အာမာဝသဒွယာဒွယာ
ဒွိရာသင္ဂေါပြကလ္လယော။ ။ဟူ၍မိန့်အပ်ပြီ။ ယတြ။ အကြွင်နှစ်
၌။မာသာဓိကော။လလွန်ခြင်းသည်။ အဓိ။ရှိ၏။တတြ။ထိုနှစ်၌။
ဒွိရာသင္ဂေ။ ဝါဆိုနှစ်ထပ်သည်။ ပဝတ္တတိ။ ဖြစ်၏။ ပြကလ္လ
ယော။ ။ပြက္ခဒိန်၌။ အာမာဝသဒွယာဒွယာ။ အာမဝါသီနှစ်ထပ်.
နှစ်ထပ်သည်။ ဒွိရာသင္ဂေ။ ဝါဆိုနှစ်ထပ်မည်၏။ ဇာတိ။ ဤသို့။
ဝုတ္တံ။ဆိုအပ်၏။ ။ဤကားယောဇနာ။ ။ဤကားအာကာဆိမာ
ဟတ္တံ့ဟူသောပုဒ်၌ယုံကြည်စွာအကျဉ်းမှတ်ဖွယ်။ ။

ဤထိုဒ်၌ဝဿဘေဒ်ဟူသောပုဒ်ကို။ဝဿံစပဝါရဏာံစဝဿါ
ဟူ၍ ဗိရူပေ ကသေသ တဒ္ဓိတ် ပြုပြီးမှ။ ဝဿာနံ ဘေဒေါ
ဝဿဘေဒ်ဟုဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲအပ်၏။ ။ဝဿံစ။
ဝါလည်း။ပဝါရဏာစ။ပဝါရဏာလည်း။ဝဿာ။ဝါပဝါရဏာ
တို့။ ဝဿာနံ။ ဝါပဝါရဏာတို့၏။ ဘေဒေါ။ အပြားတည်း။
ဝဿဘေဒ်။ဝါပဝါရဏာတို့၏အပြား။ ။ဤကားယောဇနာ။ ။
ဝါပဝါရဏာနှစ်ပါးတို့တွင်။ ဝါဟူရာ၌၊ ဘုရားဘိုးတော်အဋ္ဌန
မင်းကြီး သက္ကရာဇ် ဖြိုပြီးသည်နောံ။ ထားတော် မူအပ်သော
သက္ကရာဇ်နှစ်ချုပ်မှစ၍။ ၉၇ ခုနှစ်အလွန် ရှစ်ခုနှစ်အဝင်။ ဝါဆိုလ
သန်းခေါင်ယံ၌။ တောထွက်တော်မူ၍။ ၁၀၃ ခုနှစ်အလွန်လေး
ခုနှစ်အဝင်။ ကဆုံလပြည့်နေ့ဗောဓိမဏ္ဍိုလ်၌ဘုရားဖြစ်တော်မူ

သည်။ ဗာရာဏသီပြည်မိဂဒါဝုန်တော၌ပထမဝါကပ်တော်မူ၍ပဉ္စဝဂ္ဂီတို့နှင့်တကွ ၁၈ ကုဋေကုန်သောနတ်ဗြဟ္မာတို့အား။ ဓမ္မစကြာတရားဟောတော်မူပြီး၍။ သိတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးသော်။ ဥရုဝေဠတောသို့ကြွသွားတော်မူ၍။ ရှင်တထောင်တို့အား။ အကြွတ်တရားရစေ၍။ ရာဇဂြိုဟ်ပြည်သို့ကြွလာတော်မူပြီးလျှင်။ဗိမ္ဗိသာရမင်းကြီးသည်ကပ်လှူတော်မူအပ်သော။ ဝေဠုဝန်ကျောင်းတော်၌။ ကပ္ပိလဝတ်ပြည်တော်ကအပြန်။ ၄ ချန့်စ်အလွန် ၅ ချန့်စ်အဝင် ဒုတိယဝါကပ်တော်မူ၏။ထိုအခါရဟန်းတော်တို့ဝါကပ်ကြဟု ပညတ်တော်မမူသေးသောကြောင့်။ အင်္ဂတိုင်းသား ကပ္ပိလဝတ် ပြည်သား နှစ်သောင်းမျှလောက်ကုန်သောရဟန်းတို့တွင်။ အချို့ရဟန်းတို့သည် ဘုရားရှင်သို့အတုလိုက်၍။ ဝါကပ်ကြကုန်သည်။ အချို့ရဟန်းတို့ကားမိုးနွေဆောင်းဟုဆိုအပ်သော။ဥတုသုံးပါး၌ပင်။ အတည်အမြဲမနေ။အလိုရှိရာထိုထိုအရပ်သို့ဒေသစာရီကြွချီသွားလာနေကြကုန်၏။ထိုအခါလူတို့က။ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကုန်သောရဟန်းတော်တို့မှာ။ဥတုသုံးပါးလုံး၌ပင်။ အတည်အမြဲမနေ။အလိုရှိရာထိုထိုအရပ်သို့လှည့်လည်သွားလာနေကြကုန်၏။ မိစ္ဆာဒိဋ္ဌိဖြစ်ကုန်သော လူတို့သည်ပင်။ တောတောင်၌နေကုန်သောငှက်တို့သည်ပင်။ မိုးဥတု၌ အသိုက်အအုံလုပ်၍နေကြကုန်သေး၏ရှင့်။ရဟန်းတော်တို့မှာ။အဘယ့်ကြောင့်။ အတည်အမြဲမနေကြပါကုန်သနည်းဟု ကဲ့ရဲ့သပြီ ဖရိုဖရဲဆိုကြကုန်၏။ ထိုစကားကို ဘုရားရှင်နားတော် ကြားသိတော်မူ၍။ ။အနုဇာနာမိဘိက္ခဝေ ဝဿာနေဝဿံဥပဂန္တုံ။ ဟုခွင့်ပြုပညတ်တော်မူသည်။ ။ဘိက္ခဝေ။ရဟန်းတို့။ဝဿာနေ။မိုးဥတု၌။ ဝဿံ။ဝါသို့။ဥပဂန္တုံ။ကပ်၍နေခြင်းငှါ။ အနုဇာနာမိ။ ငါဘုရားခွင့်ပြုတော်မူ၏။ ။ဤကားယောဇနာ။ ။ထိုအခါမှစ၍။ရဟန်းတော်တို့သည်။ဝါကပ်၍နေကြကုန်၏။အကြင်အခါရဟန်းတော်တို့သည်။ ဝါသည် အဘယ်မျှ ရှိပါ လိမ့်နည်းဟု အကြံ

အစိဖြစ်ကြကုန်၍။ ဘုရားရှင်အား လျှောက်ကြားကြကုန်သည်
ရှိသော်။ ။ဒွေမာဘိက္ခဝေ။ ဝဿုပနာယိကာပုရိမိကာပစ္ဆိမိ
ကာ။အပရဇ္ဇုဂတာယအာသဠိယာပုရိမိကာဥပဂန္တဗ္ဗာ။ မာသ
ဂတာယအာသဠိယာပစ္ဆိမိကာဥပဂန္တဗ္ဗာ။ ။ဟူ၍ဝါနှစ်ပါး
အပြားကိုခွင့်ပြုတော်မူပြန်သည်။ ။ဘိက္ခဝေ။ရဟန်းတို့။ဝဿု
ပနာယိကာ။ ဝါကပ်ခြင်းတို့သည်။ပုရိမိကာ။ ပုရိမဝါကပ်ခြင်း
၎င်း။ ပစ္ဆိမိကာ။ ပစ္ဆိမဝါကပ်ခြင်း၎င်း။ ဣမာဒွေ။ ဤ နှစ်ပါးတို့
တည်း။တနည်းကား။ပုရိမိကာ။ပကတိ။ ပုရိမဝါကပ်ခြင်းဝိက
တိပုရိမဝါကပ်ခြင်းတို့၎င်း။ပစ္ဆိမိကာ။ပကတိပစ္ဆိမဝါကပ်ခြင်း။
ဝိကတိပစ္ဆိမ ဝါကပ်ခြင်းတို့၎င်း။ ဣမာဒွေ။ ဤနှစ်ပါး နှစ်ပါးတို့
တည်း။ ။

ဤယောဇနာနည်း၌။ပုရိမိကာဟူသောပုဒ်ကို။ ပုရိမိကာစပုရိ
မိကာစပုရိမိကာ။ ဟုဧကသေသတဒ္ဓိတ်ဝစနတ်ပြု။ ။ပုရိမိ
ကာစ။ ပကတိပုရိမ ဝါလည်း။ ပုရိမိ ကာစ။ ဝိကတိ ပုရိမဝါ
လည်း။ ပုရိမိကာ။ ပကတိပုရိမဝါ။ ဝိကတိပုရိမဝါတို့။ ။ဤ
နည်းကိုမှီး၍ နောက် ပစ္ဆိမိကာ ပုဒ်ကိုလည်းပြု။ ဤနှင့်လျော်
အောင်ဒွေမာပုဒ်တို့ကိုလည်း။ ဧကသိသ်ကြံလေ။ ။တေသု။
ထိုနှစ်ပါးတို့တွင်။ အာသဠိယာ။အာသဠ်နက္ခတ်နှင့်ယှဉ်သောပ
ကတိပုရိမဝါဆိုလပြည့် ဝိကတိပုရိမ ဝါဆိုလပြည့်နေ့မှ။ အပ
ရဇ္ဇုဂတာယ။ အထွက်တရက်နေ့ မိုးစင်းဥတုဉ်၌၊ တနည်းကား။ ဂ
တာယ။လွန်ပြီးသော်။အာသဠိယာ။အာသဠ်နက္ခတ်နှင့်ယှဉ်သော
လပြည့်၏။ အပရဇ္ဇု။အထွက်တရက်နေ့၌။ ဥပဂန္တဗ္ဗာ။ဝါကပ်
ခြင်းသည်။ပုရိမိကာ။ ပုရိမဝါသို့ကပ်ခြင်းမည်၏။ မာသဂတာ
ယ။တလလွန်ပြီးသည်ရှိသော်။ဝါ။လွန်သောတလရှိသော။ အာ
သဠိယာ။ ပကတိဒုတိယအာသဠ်လပြည့်။ ဝိကတိဒုတိယ အာ
သဠ်လပြည့်၏။ဝါ။လပြည့်မှ။အပရဇ္ဇုဂတာယ။အထွက်တရက်
မိုးစင်းဥတုဉ်။ဥပဂန္တဗ္ဗာ။ဝါကပ်ခြင်းသည်။ပစ္ဆိမိကာ။ပစ္ဆိမဝါ
သို့ကပ်ခြင်းမည်၏။ ဤတိ။ ဤသို့။ ဣမာဒွေ။ ဤနှစ်ပါးနှစ်ပါးတို့

တည်း။ ။ဤကားယောဇနာ။ ။ဤယောဇနာ နည်းတို့တွင်။ပ
ထမအာသဋ္ဌိပုဒ်အရာ၌။ ပကတိပူရိမ ဝါကပ်ခြင်းဟူသည်ကို။
အဓိမာသ်မကျသော ပကတိနှစ်ကိုရည်သည်။ ဝိကတိပူရိမဝါ
ကပ်ခြင်း ဟူသည်ကို။ အဓိမာသ် ကျသော နှစ်ကိုရည်၍ ဆို
အပ်သည်။သုဝဏ္ဏကက္ကဋကံကဲ့သို့အဓိမာသ်ကျသောနှစ်၌ သာ
ဝဏမာသဖြစ်သော ဝါခေါင်လသည်။ ပူရိမဝါ အဖြစ်သို့ရောံ
သည်ဖြစ်၍။ ထို ဝါခေါင်လသည် ပကတိ ပူရိမ ဝါအဖြစ်သို့
ရောံ ခြင်းသည်။ ဝိကတိ မည်၏ ဟုမှတ်။ ဤကား ဆရာ ၏
ဉာဏ်။ အဋ္ဌကထာဋီကာတို့၌ကား အထူးမဖွင့်။ နောက်ဒုတိယ
အာသဋ္ဌိပုဒ်အရာ။ ဒုတိယဝိကပ်၌။ ဘဒြပိုဒ်မာသတော်သလင်း
လသည်။ပကတိ။ ဒုတိယအာသဋ္ဌိ။အဖြစ်သို့ရောက်၍။ပစ္ဆိမဝါ
အဖြစ်ဖြင့် ဖြစ်ခြင်းသည်။ ဝိကတိမည်၏ဟု ရှေးနည်းကို မှီး၍
ဉာဏ်ကြီးလေ။ ။ထိုနှစ်ကာစ၍။၁၀၅ ခု=၁၀၆=ခု ၁၀၇
ခုနှစ် သင်္ကြန်ပြောင်းသောအခါ။ရောံဆဲ ၈ ခုနှစ်၌။ တေရသာ
ဓိမာသ်ကြွံသည်ဖြစ်၍။ ဗိမ္ဗိသာရမင်းကြီးသည်။ လငင်အပ်
သည်၏အဖြစ်ကို။ ပုဏ္ဏားတို့နှင့်တိုင်ပင်၍သိသဖြင့်။ လငင်ခြင်း
ငှါ။ ရဟန်း တော်တို့ထံ။ ဝါလမနီးခင်။ စောစောက လျှော်ံ
ကြားမှ သင့်မြတ်မည်။ မလျှောက်မကြားလျှင်။ ရဟန်းတော်
များရှေးပညတ်တော်မူတိုင်း။ဝါကပ်ကြမည်လည်းမသိ။ ဤသို့
ကြံအောံမေ့၍။ တေနခေါပနသမယေနရာဇာမာဂဓော သေနိ
ယောဗိမ္ဗိသာရောဝဿံဥက္ကဍ္ဎိတုကာမောဘိက္ခူနံသန္တိကေ
ဒူတံပါဟေသိ ယဒိပနာယျာ အာဂမေဇုဏှေဝဿံ ဥက္ကဍ္ဎေ
ယျုန္တိ။ဟူ၍လျှောက်ကြားစေ၏။ ။တေနခေါပနသမယေန။
ထိုရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ စံမွှာယ်တော်မူ
သောအခါ။ မာဂဓော။ မဂဓရာဇ်တိုင်းကိုအစိုးရသော။ သေနိ
ယော။ များသောစစ်သည်ဗိုလ်ပါရှိထသော။ ဗိမ္ဗိသာရော။ဗိမ္ဗိ
သာရအမည်ရှိထသော။ရာဇာ။မင်းသည်။ဝဿံ။ဝါကို။ ဥက္က
ဍ္ဎိတုကာမော။ ငင်လိုသည်ဖြစ်၍။ဘိက္ခူနံ။ရဟန်းတို့၏။ သန္တိ

ကော။အထံသို့။ဒုတံ။တမန်ကို။ပါဟောသိ။စေလွှတ်တော်မူ၏။ ယ
ဒိပန၊ အကာယ်၍။အယျာ။ အံရှင်တို့သည်။ အာဂမေ။ လာလတ္တံ့
သော။ ဇုဏှေ။ဝါခေါင်လဆန်း။ဝသိ။ဝါကို။ ဥပဂစ္ဆေယျုံ။ ကပ်
ကျန်မူကား။ သာဝ။ ကောင်း လေစွ။ ဣတိ။ ဤသို့။ ပါဟောသိ။
စေလွှတ်၏။ ။ဤကားယောဇနာ။ ။ဤပါဠိဖြင့်။တရံသောအ
ခါ။မဂဓရာဇ်တိုင်းကို အစိုးရသော။ ဗိမ္ဗိသာရမင်းကြီးသည်။
ဗေဒင်အရာ။အလွန်လိမ္မာကျန်သော။ ပရောဟိတ်ပုဏ္ဏားတို့နှင့်။
တိုင်ပင်နှီးနှော၍။ ဤနှစ်သည်။ဝါခေါင်လသို့ရောံမှ။ စန်းသည်
ဥတြာသဠ်နက္ခတ်ပြုဗ္ဗာသဠ် နက္ခတ်တို့နှင့် တရောသိတည်းသမ
သတ်ကျ၍။၁၅လုံးပုဏ္ဏာတ်ထိပြည့်ညီအံ့သည်ကိုသိမြင်သည်
ဖြစ်၍။ဘုရားရှင်ကလည်း။ ရှေးအတိုကလျှင်။ ဥတြာသဠ်ပြုဗ္ဗာ
သဠ်အာသဠ်နက္ခတ်နှင့် ယှဉ်သော ပုဏ္ဏာတိထိ ပြည့်ညီသော
နေ့မှ။အထွက်တရက်နေ့၌။ ဝါကပ်ကြပါဟုရဟန်း တော်တို့အား
ခွင့်ပေးပညတ်တော်မူသောကြောင့်။ယှဉ်နှစ်၌။ ရဟန်းတော်တို့
ကို။ဝါကိုငင်စေမှ နက္ခတ်နှင့်ညီအံ့သည်။ ကိုအောံမေ့၍။ ဝါမ
ကပ်မီ ရှေးအတိုကလျှင်။ ဝါကို ငင်ကြပါဟု ရဟန်း တော်တို့
အား။ လျှောံထားခြင်းအဓိပ္ပါယ်ကိုပြသည်။ဤစကားသည်။ ပ
ဋ္ဌာနနည်းတည်း။ ဤနည်းဖြင့်။ အပဋ္ဌာနဖြစ်သော။ အဓိမာသ်
ကြိမ်ခြင်း။ ရက်ငင်ခြင်း တို့ကိုလည်း။ သိအပ်ကျန်၏။ ဥာပက
ကား။ဘိုးတော်အဋ္ဌမမင်းကြီး။သက္ကရာဇ် ၂ ချကြွင်းထား၍။ ဖြို
သောအခါ။ စမ္မာဓိမာသ်။ထိုကာစ၍အစဉ်အားဖြင့်။ အဓိမာသ်
၇ ပါးတို့သည်ဖြစ်ကျန်၏။၁၀၃ချနှစ်၌ပဌမာဓိမာသ်။၁၀၅ချနှစ်၌
ဒုသာဓိမာသ်။မင်းကြီးလျှောက်ကြားသော။၁၀ဂ ချနှစ်၌တေရ
သာဓိမာသ်သည်ဖြစ်၏။ ထိုအဓိမာသ်ဖြစ်သောအခါ။ အဓိမာ
သသသံ့ဇောက်အနှံရံဒိဝါ ကဆိုတဗ္ဗန္တိ ဟူသောလောက ဒီပကီစ
ကားဖြင့်၎င်း။ကိန်း ငါးပါးတို့တွင်။ပထမကိန်း၌။ ပထမနည်းဖြင့်
၎င်း။ ပဉ္စမကိန်း၌။ တေရသမ နည်းဖြင့်၎င်း။ ရှေးဦးက ဆိုပြီး
သောပထမရက်ငင်နည်းဖြင့်၎င်း။ထိုလထပ်ရက်ငင်တို့ကို။ မင်း

ကြီးလျှော့ကြွားရာ၌ပါဝင်၏ဟုသိအပ်ကုန်၏။ ဤကားဥပက။ ထိုမင်းကြီးလျှော့ကြွားသောစကားကို။ ဘုရားရှင်အားရဟန်းတို့ကလျှော့ကြွားကြလေလျှင်။ ။အနုဇာနာမိဘိက္ခဝေရာဇူနံ အနုဝတ္တိတုန္တိ။ ဟုမင်းအလိုသို့ လိုက်ကြဟု။ ခွင့်ပြုတော်မူပြန်၏။ ။ဘိက္ခဝေ။ရဟန်းတို့။ရာဇူနံ။မင်းတို့၏။အနုဝတ္တိတုံ၊အလိုသို့လိုက်စိမ့်သောငှါ။အနုဇာနာမိ။ငါဘုရားခွင့်ပြုတော်မူ၏။ ။ဤကားယောဇနာ။ ။ဤပါဠိတော်ကိုဟောကတည်းကပင်။မင်းကြီးလျှော့ကြွားသောစကားသည်။ဘုရားဟောပင်မည်၏။ ထိုကြောင့်ဤအရာ၌ လထပ်ရက်ငင်ခြင်းကိုဘုရားမဟောဟုမဆိုသင့်။ဘုရားဟော၏ဟုသန္နိဋ္ဌာန်ကျမှတ်လေ။ ထိုရာဇူနံအနုဝတ္တိတုန္တိဟူသော ပါဠိတော်၏ အဓိပ္ပါယ်ကား။ဤမင်းကြီးလျှော့ကြွားသောစကားသည် ငါဘုရား ရှေးဟောကြားတော်မူအပ်သော အပရဇ္ဈုဂတာယအာသင္ဒိယာစသောစကားနှင့် ညီပေသည်ဤဝါကိုင်ရာ၌ရဟန်းတို့အား တစုံတခု သီလသမာဓိစသောဂုဏ်ယုတ်ခြင်းမရှိသောကြောင့်။မင်းအလိုသို့လိုက်ကြဟု ခွင့်ပြုတော်မူအပ်သည်။ ဤကဲ့သို့ဂုဏ်ယုတ်ခြင်းမရှိ။တရားနှင့်လျော်သောအမှု၌။ တစုံတယောက်သောသူက။ လျှော့ကြွားရာ၌လည်း ရှေးနည်းအတူ။ အလိုသို့လိုက်အပ်၏။ တရားနှင့်မလျော်သောအမှု၌။လျှော့ထားသော်အလိုသို့မလိုက်အပ်။ဤသို့အနွယဗျတိရေကအဓိပ္ပါယ်နှစ်ပါးကိုမှတ်။ ။ပဝါရဏာဟူရာ၌။ပဝါရဏာနှစ်ပါးရှိသည်၏အဖြစ်ကို။ ဒွေမာဘိက္ခဝေပဝါရဏာစာတုဒ္ဒသိကာစပန္နရသိကါစဣမာခေါဘိက္ခဝေဒွေပဝါရဏာတိ။ ဟူ၍ဟောတော်မူအပ်သော မဟာဝါခန္ဓက၊ ၉း ပေဈျ ချပ်ပါဠိတော်ဖြင့်သိအပ်၏။ ။ဘိက္ခဝေ။ရဟန်းတို့။ပဝါရဏာ။ပဝါရဏာတို့သည်။စာတုဒ္ဒသိကာစ။ စတုဒ္ဒသီပဝါရဏာငှ်း။ပန္နရသိကာစ။ပန္နရသီပဝါရဏာငှ်း။ဣမာဒွေ။ဤနှစ်ပါးတို့တည်း။ဘိက္ခဝေ။ ရဟန်းတို့။ ဣမာခေါ။ ဤသည်တို့လျှင်။ပဝါရဏာ။ပဝါရဏာတို့သည်။ဒွေ။နှစ်ပါးတို့တည်း။ ။ဤကားယောဇနာ။ ။

ဤပါဠိတော်ဖြင့်။ ရဟန်းတို့က။ ပဝါရဏာအဘယ်မျှရှိပါလိမ့်
နည်းဟု။ပရိဝိတက္ကဖြစ်၍။ဘုရားအားလျှောက်ကြားသော်ကြောင့်။
ပဝါရဏာနှစ်ပါးပြားကြောင်းကိုဟောတော်မူသည်။ထိုနှစ်ပါး
တို့တွင်။ စာတုဒ္ဒသီပဝါရဏာနေ့၌။ မဟာပဝါရဏာပဝါရဏသီ အရှင်
များတို့သည်။ ပဝါရဏာပြု၍အရှင်မဟိန္ဒသတင်းသုံး နေရာဖြစ်
သော်စေတိယတောင်သို့သွားကြကုန်၏ဟုဝဇိရဗုဒ္ဓိဋီကါ။တေ
ရသကဏ်ဋီကာတို့၌ဖွင့်၏။အဋ္ဌကထာ၌ကားအထူးမဖွင့်။ ။
အနုဇာနာမိဘိက္ခဝေ။တေဟိဘိက္ခူဟိဒွေတယော၊ဥပေါသထေ
စာတုဒ္ဒသိကေကာတုံ။ ။ဤကားမဟာဝါပါဠိတော်ပဝါရဏာ
ခန္ဓက ၉၆ ပေညွှချပ်။ ။ဘိက္ခဝေ။ရဟန်းတို့။တေဟိဘိက္ခူ။
ဟိ။ထိုဘဏ္ဍနကာရကရဟန်းတို့ထက်။ ဝါ။ရဟန်းတို့၏။ပထမ
တရံ။ရှေးဦးစွာ။ဒွေတယော။နှစ်ဥပုသ်သုံးဥပုသ်ကုန်သော။စာ
တုဒ္ဒသိကေ။စာတုဒ္ဒသီဖြစ်ကုန်သော။ ဥပေါသထေ။ဥပုသ်တို့
ကို။ကာတုံ။ပြုခြင်းငှါ။အနုဇာနာမိ။ငါဘုရားခွင့်ပြုတော်မူ၏။ ။
ဤကားယောဇနာ။ ။ဤပါဠိဖြင့်။ကောသလဇနပုဒ်၌။သန္တိဋ္ဌ
သမ္ဘုတ္တဖြစ်ကုန်သောရဟန်းတို့သည်။ တခုသောကျောင်း၌ဝါ
ကပ်ကြကုန်၏။ထိုရဟန်းတို့၏။ အနီးအပါး၌။ ညင်းခုံခြင်းကိုပြု
တတ်ကုန်သောဘဏ္ဍနကာရကရဟန်းတို့သည်လည်းဝါကပ်
ကြကုန်၍။သန္တိဋ္ဌသမ္ဘုတ္တရဟန်းတို့၏။ပဝါရဏာကို။ငါတို့ထား
ကုန်အံ့ဟုအကြံဖြစ်ကြ သည်ကို။ သန္တိဋ္ဌသမ္ဘုတ္တ ရဟန်းတို့က။
ကြားသိ၍။ ဘုရားရှင်အားလျှောက်ကြားသည်ရှိသော်။ ဘုရားရှင်
က။ထိုဘဏ္ဍနကာရကရဟန်းတို့၏။ရှေးဦးစွာတော်သလင်းလ
၌လမပြည့်မှီစာတုဒ္ဒသီဥပုသ်လမကွယ်မှီ စာတုဒ္ဒသီဥပုသ်နှစ်
ဥပုသ်တို့ကိုင်၍။ ဝါခေါင်လ စာတုဒ္ဒသီဥပုသ် တော်သလင်းလ
စာတုဒ္ဒသီနှစ်ဥပုသ်အားဖြင့်စာတုဒ္ဒသီသုံးဥပုသ်တို့ကိုရင်း။တ
တိယဖြစ်သောဝါခေါင်လ။ စာတုဒ္ဒသီဥပုသ်တော်သလင်းလမ
ပြည့်မှီ။စတုဿဖြစ်သောစာတုဒ္ဒသီဥပုသ်အားဖြင့် နှစ်ပါးတို့ကို
င်း။ ဤသို့ဥပုသ်အားဖြင့်စာတုဒ္ဒသီသုံးမျိုးဖြစ်၏။ ထိုသုံးမျိုးတို့

တွင်။ပထမနှင့်ဒုတိယနှစ်မျိုးကိုပြုသည်ရှိသော်။ သတ်ာင်းကျွတ်လ ၁၃ ရက် မြေဲ့သောနေ့၌။ ပန္နရသီ ပဝါရဏာဖြစ်လတ္တံ့။ သုံးခုမြောက်သော စာတုဒ္ဒသီနှစ်ဥပုသ်ကို ပြုသည်ရှိသော်။သတင်းကျွတ် လမပြည့်မှီစာတုဒ္ဒသီနေ့၌၊ ပန္နရသီပဝါရဏာဖြစ်လတ္တံ့။ထိုသို့မဟုပ်။စတုဒ္ဒဖြစ်သောတော်သလင်းလပြည့်။ ပန္နရသီဥပုသ်ပြုပြီးမှ။ ဘဏ္ဍာနကာရက ရဟန်းတို့၏ အကြံ့အစီကို ကြားကုန်အံ့။ ပဌမဖြစ်သောတော်သလင်းလကွယ်ကို။ စာတုဒ္ဒသီဥပုသ် ပြုအပ်၏။ ဤသို့ ပြုသည်ရှိသော်။ သတင်းကျွတ်လမပြည့်မှီ။စါတုဒ္ဒသီနေ့သည်။ပန္နရသီပဝါရဏာဖြစ်လတ္တံ့။ ဤသို့ဖြစ်သည်ရှိသော်။ဘဏ္ဍာနကာရကရဟန်းတို့၏ပဝါရဏာထားခြင်းဘေးရာန်မှကင်းလတ္တံ့ဟူသောအဓိပ္ပါယ်ကိုပြသည်။ ။

ဤကားဝါအပြားပဝါရဏာအပြားကိုဆိုရာ၌ယုံကြည်စွာအကျဉ်းမှတ်ဖွယ်။ ။အဝသုပေတမစွယံဟူသောပုဒ်၏သရုပတ္တကား။အဓိမာသ်မသင့်မှီနှစ်တို့၌လည်း။ အကြင်လအကြင်ရက်၌။ရက်ငင်မြို့၏။ထိုသထိုရက်၌။ရက်ငင်ရာ၏။ ထိုသို့ရက်ငင်ခြင်းကိုမပြုဘဲ။ အဓိမာသ်ကျသောနှစ်ကို ငံ့လင့်၍နေသော်။ တိထိတစ်ဆဲ့သုံးလုံး။တစ်ဆဲ့လေးလုံးဖြင့်။ ပန္နရသီပုဏ္ဏမီဟုထင်မှတ်၍။ဥပုသ်ပြုခြင်း၌၎င်း။ တိထိတစ်ဆဲ့ငါးလုံးပန္နရသီပုဏ္ဏမီကို။ အထွက်တစ်ရက်နေ့ဟုထင်မှတ်၍။ ဝါကပ်ခြင်း၌၎င်း။ ဝါဆိုလကာလပက္ခစာတုဒ္ဒသီကို။ ပန္နရသီပုဏ္ဏမီဟုထင်မှတ်၍။ ဥပုသ် ပြုခြင်း၌၎င်း။ဒုက္ကဋ်အါပတ်သုံးချက်စီ။ပေါင်းဒုက္ကဋ်အါပတ်ကိုးချက် ဒုတိယအါသဠ်လ၌လည်း။တိထိတစ်ဆဲ့သုံးလုံး။တစ်ဆဲ့လေးလုံး ဖြစ်လျက်။ပန္နရသီပုဏ္ဏမီဟုထင်မှတ်၍။ ဥပုသ်ပြုခြင်း၌၎င်း။တစ်ဆဲ့ငါးလုံး ပန္နရသီပုဏ္ဏမီကို။ အထွက်တစ်ရက်နေ့ဟုထင်မှတ်၍။ဝါကပ်ခြင်း၌၎င်း။ကာလပက္ခတေရသမီကိုစာတုဒ္ဒသီဟု ထင်မှတ်၍။ ဥပုသ် ပြုခြင်း၌၎င်း။ ဒုက္ကဋ်အာပတ်သုံးချက်စီ။ ပေါင်း ဒုက္ကဋ် အာပတ်ကိုးချက်။ တော်သလင်းလ၌လည်းခြောက်ချက်။ သတင်းကျွတ်လ၌လည်း။ ပဝါရဏာမထိုက်သည် ဖြစ်လျက်။

ပဝါရဏာပြုခြင်းနှိုင်း။ကာလပက္ခတေရသမိကို။ စာတုဒ္ဒသီဟု ထင်မှတ်၍။ ဥပုသ်ပြုခြင်းနှိုင်း။ဒုက္ကဋ်အာပတ်သုံးချက်စီ။ ပေါင်း ဒုက္ကဋ် အာပတ်ခြောက်ချက်။ နွေဥတုနှဝါကပ်ကြသောရဟန်းတို့ အား။သတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှစ၍။ တံဆောင် မုန်းလပြည့်တိုင်။ စီဝရကာလနှကထိန်ခံပြန်လျှင်။ ကထိနစောရ ကဖြစ်၍။ ဒုက္ကဋ်အာပတ်သုံးချက်။အာနိသင်မရဘဲလျက်။ အာနိ သင်ငါးပါးတို့ကိုသုံးဆောင်ရာနှ။ ဒုက္ကဋ်အာပတ်သုံးချက်စီ။ ဝါ ဆိုသင်္ကန်းအလှူခံပြန်လျှင်လည်း။ဒုက္ကဋ်အာပတ်သုံးချက်။ ပေါင်း ဥပုသ်နှင့်မစပ်သော အာပတ်နှစ်ဆဲ့တစ်ချက်။ အဓိဋ္ဌာန်ဘဲထား ဒေယျကိုလည်း ရှုလေ။ တံဆောင်မုန်းလ ဥပုသ်နှလည်း ခြောက် ချက်။နတ်တော်လနှလည်းခြောက်ချက်။ ပြာသိုလ်လနှလည်းခြောက် ချက်။ တပို့တွဲလနှလည်းခြောက်ချက်။ တပေါင်းလနှလည်း ခြောက် ချက်။ တံကူးလနှလည်းခြောက်ချက်။ ပေါင်းဒုက္ကဋ်အာပတ် ခြောက် ဆယ့်ခြောက်။ ဤနည်းကိုမှီး၍။ ကြွင်းသောလတို့နှလည်း။ ထိုက် သည်အားလျော်စွာ။ဉာဏ်ကြီးကြလေ။ အဓိမာသ်ကျသောနှစ် နှ၊ ရက်ငင်ခြင်းနှင့်တကွ။ဝါကြီးထပ်ကိုပြု၍။ နယုန်လရက်ငင် ၍။ပန္နရသီဥပုသ်ပြုသင့်လျက်။မပြုမူ၍။ ဝါငယ်ထပ်လျက်။ စာ တုဒ္ဒသီဥပုသ်ပြုရာနှိုင်း။ဒုက္ကဋ်အာပတ်သုံးချက်။ပထမပူရိမဝါနှ။ ခြောက်ချက်။ ပေါင်းကိုးချက်။ ပရပထမဝါဆိုလနှ။တိထိတစ်ဆဲ့ သုံးလုံး တစ်ဆဲ့လေးလုံးဖြစ်လျက်။ တစ်ဆဲ့ငါးလုံးတိထိပန္နရသီ ပုဏ္ဏမီဟုထင်မှတ်၍ ဥပုသ်ပြုခြင်းနှိုင်း။တိထိတစ်ဆဲ့ငါးလုံးပန္နရ သီပုဏ္ဏမီကို။ အထွက်တစ်ရက်နေ့ဟုထင်မှတ်၍။ ဝါကပ်ခြင်းနှိုင်း။ ကာလပက္ခစာတုဒ္ဒသီကို။ ပန္နရသီ ပုဏ္ဏမီဟု ထင်မှတ်၍။ ဥပုသ်ပြုခြင်းနှိုင်း။ ဒုက္ကဋ်အာပတ် သုံးချက်စီ။ ပေါင်းဒုက္ကဋ်အာ ပတ်ကိုးချက်၊ ဒုတိယအာသဠှိလနှလည်း။ တိထိတစ်ဆဲ့သုံးလုံး။ တစ်ဆဲ့လေးလုံးဖြစ်လျက်။ တိထိတစ်ဆဲ့ငါးလုံး ပန္နရသီပုဏ္ဏမီ ဟုထင်မှတ်၍၊ ဥပုသ်ပြုခြင်းနှိုင်း။ တိထိတစ်ဆဲ့ငါးလုံး ပန္နရသီ ပုဏ္ဏမီကို။ အထွက်တစ်ရက်နေ့ဟုထင်မှတ်၍။ ဝါကပ်ခြင်းနှိုင်း။

ကာလပက္ခတေရသမီကို။ စာတုဒ္ဒသီဟုထင်မှတ်၍။ ဥပုသ်ပြု
ခြင်း၌၎င်း။ ဒုက္ကဋ်အာပတ်သုံးချက်စီ။ ပေါင်းဒုက္ကဋ်အာပတ် ကိုး
ချက်။ ကြွင်းသောတံကူးလတိုင်အောင်သောလတို့၌ကား။ ယှွင်
ကနည်းခြေါံချက်စီ။ပေါင်းခုနစ်ဆယ့်ငါးချက်။ဤနည်းကိုမှီး၍။
ကြွင်းသောလနှစ်တို့၌လည်း။ ဝါငယ်ထပ်မဖြက်သနေ့၌ ကာလ
ပတ်လုံး။အာပတ်တို့ကိုသိလေ။ ပထမနည်းဒုတိယနည်းအာပတ်
နှစ်ရပ်တို့ကိုပေါင်း၍။ တစ်ရာ့လေးဆယ့်တစ်။ ဥပုသ်နှင့်မစပ်
သောအာပတ်နှစ်ဆဲ့တစ်ချက်တို့ကိုထည့်၍။တစ်ရာ့ခြေါံဆယ်
နှစ်။အာပတ်အပြစ်တို့ကိုမှတ်လေ။ထိုအာပတ်တို့ကိုသိကြောင်း
ဥာပကကား။ပရိဝါပါဠိတော်၌။ ။အနုပေါသထေဥပေါသ
ထံကရောတိဝတ္ထုဝိပ္ပန္နံအဓမ္မကမ္မံ။ အပဝါရဏာယပဝါရေတိ
ဝတ္ထုဝိပ္ပန္နံ။အဓမ္မကမ္မံ။ ဌံဝတ္ထုတောကမ္မာနိဝိပ္ပန္နာနိ။ ဟူ၍၎င်း။
ပါရာဇိကကဏ်ပါဠိတော်။ပါစိတ်ပါဠိတော်တို့၌ကား။ ။အဓမ္မ
ကမ္မေဓမ္မကမ္မသညီ အာပတ္တိ ဒုက္ကဋဿ။ အဓမ္မကမ္မေ ဝေမတိ
ကောအာပတ္တိဒုက္ကဋဿ။ အဓမ္မကမ္မေအဓမ္မကမ္မသညီ အာပတ္တိ
ဒုက္ကဋဿ။ ဟူ၍၎င်း။ ဟောတော်မူအပ်သည်။ ဤကား ဥာပက
တည်း။ ။အနုပေါသထေ။ဥပုသ်နေ့မဟုပ်သည်၌။ ဥပေါသ
ထံ။ဥပုသ်ကို။ကရောတိ။ပြုအံ့။ဝတ္ထုဝိပ္ပန္နံ။ဝတ္ထုဖောက်ပြန်သော။
အဓမ္မကမ္မံ။ အဓမ္မကံမည်၏။ အပဝါရဏာယ။ ပဝါရဏာနေ့မ
ဟုပ်သည်၌။ ဝါ။ ပဝါရဏာ မပြုထိုက်ဘဲလျက်။ ပဝါရေတိ။
ပဝါရဏာပြုအံ့။ ဝတ္ထုဝိပ္ပန္နံ။ဝတ္ထုဖောက်ပြန်သော။ အဓမ္မကမ္မံ။အ
ဓမ္မကံမည်၏။ဌံ။ဤသို့။ဝတ္ထုတော။ဝတ္ထုကြောင့်။ ကမ္မာနိ။ကံ
တို့သည်။ဝိပ္ပန္နာနိ။ ဖြက်ကုန်၏။ ။ဤကားရှေးပါဠိတော်၏
ယောဇနာ။ ။အဓမ္မကမ္မေ။ဝတ္ထုဝိပ္ပန္နအဓမ္မကံ၌။ဓမ္မကမ္မသညီ။
ဓမ္မကံဟု အမှတ်ရှိသည် ဖြစ်လျက်။ ကရောန္တဿ။ ပြုသော။
အဿ။ထိုရဟန်းအား။ဒုက္ကဋံ။ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇ
နံ။ရောက်ခြင်းသည်။ ဟောတိ။ဖြစ်၏။အဓမ္မကမ္မေ။ ဝတ္ထုဝိပ္ပန္နအ
ဓမ္မကံ၌။ဝေမတိကော။ယုံမှားရှိလျက်။ကရောန္တဿ။ ပြုသော။

အသသ။ထိုရဟန်းအား။ဒုက္ကဋ်။ဒုက္ကဋ်နှင့်အာပတ်သို့။အာပတ္တိအာပဇ္ဇ
နံ။ရောက်ခြင်းသည်။ ဟောတိ။ဖြစ်၏။ အဓမ္မကမ္မေ။ဝဂ္ဂ၊ပိပ္ပန္နအ
ဓမ္မကံ၌။ အဓမ္မကမ္မသည်။ အဓမ္မကံဟုအမှတ်ရှိသည်ဖြစ်လျက်။
ကရော့သသ။ပြုသော။အသသ။ထိုရဟန်းအား။ဒုက္ကဋ်။ ဒုက္ကဋ်နှင့်အာ
ပတ်သို့။အာပတ္တိအာပဇ္ဇနံ။ရောက်ခြင်းသည်။ဟောတိ။ဖြစ်၏။ ။
ဤကားနေ့ဝံပါဠိတော်၏ယောဇနာ။ ။ဤပါဠိတော်တို့ကိုထောက်
ရှု၍။ဝိနယဂရုကဖြစ်ကြမှ။သီလသမာဓိရှိကြမည်တပည့်တို့။ ။
ဤကား အဝသုပေတမဇ္ဈယံပုဒ်၌။ယုံကြည်စွာအကျဉ်းမှတ်ဖွယ်။

ဝါကျတဿမမာရဿ။ ပုရခစန္ဒမဏ္ဍလာ။ သသရူပပဏ္ဍိတ
စာ။ဂေဟာမဿေပတဿမံ။ ။ကာထတေဇိဝသ္ဆသာဝ။ဇာ
ယဿပုနပိဋ္ဌိ။ရဇ္ဇလေခါခုရုံဒသံ။ ဌဿသောသာတိသောတာ
ဝ။ ။သုပျဿမှာဟံရဇ္ဇိပသံ။ ဿုတဘူတံမဟာဿ ဿုဒါရေ
ကာကံ။စမဘာဂရတနာ။ခရတနပမိတော။ ။ကမ်ဇာနိတဗ္ဗာ။
ပရောသျာဒုရောသျာတရောသျာဘရောသျာဝါ။ ဇေတေသုမရော
သျာ။ မေဓိဟိတုလျာတာဝါတိ။ ။သသက်ယိဝကပ္ပဒ္ဓာသသ
တိတထာ။ ဇသောပိသာသနဿရံ။ ။ပဉ္စ။ ဂ လုံးဖွဲ့။တတိယ
ဘကာရဝိပုလာ။ ။ဒုဋ္ဌ။ဂလုံးဖွဲ့။၄=ပါဒဝဏ္ဏဂါထာ။ ။တဋ္ဌ။ပ။
ဂလုံးဖွဲ့။ဝိဇ္ဇုမ္မာလာဂါထာ။ တစ်ပါဒ။ဒု။၁၂=လုံးဖွဲ့။ ဣန္ဒဝဇိရဂါထာ
တစ်ပါဒ။မရမတိဂါထာ။၂။ပါဒ။၄=ပါဒ။ ။ဥပဇာတိဂါထာမျိုး။ ။
စဋ္ဌ။ပ။၆လုံးဖွဲ့။သောမရာဇိဂါထာ။တစ်ပါဒ။ဒု။၁၃လုံးဖွဲ့။ ကန္တကြ
ဂါထာ။ တစ်ပါဒ။တ။၆လုံးဖွဲ့။ တနုမဇ္ဈာဂါထာ။ တစ်ပါဒ။စ။ ဂ လုံးဖွဲ့။
နရာစိကဂါထာ။ တစ်ပါဒ။၄=ပါဒဥပဇာတိဂါထာမျိုး။ ။မဋ္ဌ။ပ။၁၂=
လုံးဖွဲ့။ဇလောဒ္ဓဂါထာ။ တစ်ပါဒ။ဒု။ဂလုံးဖွဲ့။ နရာစိကဂါထာ။ တစ်
ပါဒ။ပေါင်းနှစ်ပါဒ။ဥပဇာတိဂါထာမျိုးဝင်။ ။အရေ။အချင်းတို့။
ဿုမံဝါကျတဿ။ ဤစာတန်းကို။ဿုဒါဿုဒါနိ။ မျက်မှောက်ထင်စွာ။
ဤအခါ၌။ အာရဿ။ ရေးအံ့ဟုအားထုတ်ဆဲအခါ၌။ ဧကကံ။မ
ပေါက်မပြန်။ မှန်ကန်သော။အဿုတဘူတံ။ မဖြစ်ဘူးမြဲဖြစ်လာ
သော။မဟာဿ။ကြီးစွာသော။သုပျံ။အိမ်မက်ကို။အပဿံ။ ငါသည်။

ပသဳ။မြင်မက်၍။ကိံ ပသဳ။အဘယ်သို့မြင်မက်သနည်း။ရဏ္ဍိ။
ညဥ့်အခါ၌။ ပုရစစန္တြမဏ္ဍလာ။ အရှေ့ကောင်းကင်၌တက်ထွန်း
လာသောလဝန်းမှ။ သာသရူပပဠ္ဌတစ၊။ယုန်ရုပ်အရေ။ ငါးခုတို့
သည်။ဂေဘာမဏ္ဍေ။ ကျောင်းလယ်တိုက်ခမ်းသို့။ ဝါ။ကျောင်း
လယ်တိုက်ခမ်း၌။ ပတန္တိ။ ကျရောံလါကုန်၏။ အထထသို့
ခဏော။ ထိုကျလာသောခဏ၌။တော။ ထိုအရေငါးခုတို့သည်။
ပုန။တဖန်။ဇိဝသသာဝ။ကြပတေ့အသွင်အသက်ရှဥ့်ကုန်သည်
ဖြစ်၍သာလျှင်။ဓါယန္တိ။ဖြစ်ကုန်၏။ပိဋ္ဌကြိ။ကျောရိုး၌။ရဏ္ဍလေ
ခါ။နီသောအရေးတို့သည်။အာခုရံ။ ခွါလေးဘက်တိုင်အောင်။
ဒသဳ။ထင်ရှားစွာ။ဒွန္တိ။တည်ကုန်၏။သေသာ။ကြွင်းကုန်သော
ကိုယ်အရပ်တို့သည်။ အတိသေတာဝ။ အလွန်ဖြူစင်ကုန်သည်
သာလျှင်တည်း။တေ။ထိုအရေငါးခုတို့ကို။စမဘဂရတနာဝါ။
ခြေံတောင်ငါးတောင်လေးတောင်သုံးတောင်တို့ဟူ၍ငံ။ ခရ
တနပမိတောဝါ။ နှစ်တောင်ဖြင့်နိုင်းရှဥ့်အပ်၏ဟူ၍ငံ။ကမံ။အ
စဥ့်အတိုင်း။ဝါ။အစဥ့်အားလျော်စွာ။ဓာနိတဗ္ဗာ။ သိအပ်ကုန်၏။
ဇုတိ။ဤသို့။သုပျံ။အိမ်မက်ကို။ပသဳ။မြင်မက်၍။ဧတေသု။ထိုအ
ရေတို့တွင်။ ပ။ရှေးဦးစွာသေါအရေသည်။ ပရာသျှော။ရှေးဦး
စွာသော အံရပ္ပနှင့်တူ၏။ ဒု။နှစ်ခုမြေံသော အရေသည်။ ဒုရာ
သျှော။နှစ်ခုမြေံသောအရပ္ပနှင့်တူ၏။ တ။သုံးခုမြေံသောအရေ
သည်။ တရာသျှော။ သုံးခုမြေံသောအရပ္ပနှင့်တူ၏။ ဘ။လေးခု
မြေံသောအရေသည်။ဘုရာသျှော။ လေးခုမြေံသောအရပ္ပနှင့်
တူ၏။မ။ ငါးခုမြေံသောအရေသည်။ မရာသျှော။ ငါးခုမြေံ
သောအရပ္ပနှင့်တူ၏။ ဇူမေ။ဤအရပ္ပတို့ကို။ဝုလျှတာဝ။ ဥပမာဥပ
မေယျတူသည်၏အဖြစ်ကိုသာလျှင်။ဓိဟ်။ပညာရှိတို့သည်။ ဓာ
နိတဗ္ဗာ။ သိအပ်ကုန်၏ အယံသာသကော်။ ဤယုန်ရေး တစိဟ်
သည်။ကပ္ပံ။ဝိဝဋ္ဌာယိကပ်ပတ်လုံး။မှာသာတိဋ္ဌဝ။တည်လတ္တံ့
၏သို့။တထာ။ထိုအတူ။ဧသောပိ။ ဤစာတန်းသည်လည်း။သာ
သနန္တံရံ။ သာသွာတော်ဆုံးသည်တိုင်အောင်။ဝါ။ ကွယ်သည်

တိုင်အောင်။ မှ္မသာတိ။ ထွန်းပထင်ရှားလတ္တံ့။ ။ဤကား ယောဇ္ဇနာ။ ။

ဤဋ္ဌါတ်ရှိတွင်။ စ မ ဘ ဂ ခ ဤခြာငါးလုံးတို့ကို။ ပိဋ္ဌကတ်သချ်ာနည်းဟုမှတ်။ ပရာသျှောစသောပုဒ်ငါးခုတို့၌။ သုတိတူခြာတလုံးစီချေ။ ဥပမာဥပမေယျနှိုင်းနှော့ခြင်းကား။ ပရာသျှောဟူသောပုဒ်၏အရဖြစ်သော။ ရှေးချဉ်နှစ်ပါး။ နောက်ချဉ်နှစ်ပါး။ လေးပါး။ ဂန္ဓာရရသေ့။ ဝေဒေဟရသေ့အားဖြင့်နှစ်ပါး။ ဤသို့ခြောက်ပါးသောအရေကို။ ပထမယုန်ရေဥပမာနှင့်ဟပ်၍မှတ်။ ဒုရာသျှောဟူသောပုဒ်၏အရဖြစ်သော။ အဓိမာသ်ခုနှစ်ပါးကို။ တပေါင်းတည်းယူ၍တစ်ပါး။ ပဌ္ဌာဓိမာသ်။ အပဌ္ဌာဓိမာသ်အားဖြင့်နှစ်ပါး။ အဓိမာသ်စားနည်းနှစ်ပါးအားဖြင့်။ ဤငါးပါးသောအရကို။ဒုတိယယုန်ရေဥပမာနှင့်ဟပ်၍မှတ်။ တရာသျှောဟူသောပုဒ်၏ အရဖြစ်ကုန်သောအမာဝါသီ နှစ်ထပ်မြင်ခြင်း။ ရက်လွန်ပြိုခြင်း။ မာသကိန်းတိုးခြင်းအားဖြင့် သုံးပါး။ လထပ်ရက်ငင်နှစ်ပါးကိုတစ်ပါးတည်းပြု၍။လေးပါးသောအရတို့ကို။ တတိယယုန်ရေဥပမာနှင့်ဟပ်၍မှတ်။ ဘရာသျှောဟူသောပုဒ်၏အရဖြစ်ကုန်သော။ပကတိဝါနှစ်ပါးကိုတစ်ပါးတည်းပြု၍၎င်း။ ဝိကတိဝါနှစ်ပါးကိုတစ်ပါးတည်းပြု၍၎င်း။ စာတုဒ္ဒသီဥပုသ်တို့နှင့်စပ်သောပဝါရဏာသုံးပါး။ပကတိပဝါရဏာနှစ်ပါး။ပေါင်းငါးပါးကို။တစ်ပါးတည်းပြု၍၎င်း။ ဤသို့သုံးပါးသောအရတို့ကို။ စတုတ္ထယုန်ရေဥပမာနှင့်ဟပ်၍မှတ်။ မရာသျှောဟူသောပုဒ်၏အရဖြစ်သော။နွေဥတုဥ္စဝါကပ်ခြင်းတစ်ပါး။ အာပတ်သင့်ခြင်းအားဖြင့်တစ်ပါး။ ဤနှစ်ပါးသောအရကို။ ပဥ္စမယုန်ရေဥပမာနှင့်ဟပ်၍မှတ်။ ဤကားဥပမာ ဥပမေယျနှိုင်းနှော့ခြင်း အခြင်းအရာတည်း။ ။

၁၂၆၁ခုလွန်မြော်။ ၂ခုရေဝံဆဲ။တံဆောင်မုန်း
လပြည့်ကျော်၁၁ရက်အင်္ဂါနေ့။သသက်
ကပ္ပရွှစာတန်းအခန်းပြည့်ရုံပြီ။

pdf creator - Wanna Soe